# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မေလ ၂၀၂၄ ခုနှစ်

Human Right Foundation of Monland May 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းပြီးနောက်ပိုင်း စစ်ကောင်စီက ပြည်သူများကို ပိုမိုပစ်မှတ်ထား တိုက်ခိုက်လာသည်။

**မေလ ၂၀၂၄**

မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာများအတွင်းမှ ပြည်သူလူထုများသည် စစ်ကောင်စီ၏ ဝေဟင်နှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် ပို၍ပို၍ လုံခြုံမှုကင်းမဲ့လာသည်။ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခါးစည်းခံနေရသည်။

အသစ်ပြဋ္ဌာန်းလိုက်သည့် စစ်မှုထမ်းဥပဒေနောက်ပိုင်း မတရားဖမ်းဆီးထိန်းသိမ်းမှုများနှင့် ညအချိန်ဝင်ရောက်စီးနင်း ဖမ်းဆီးမှုများ ပိုမိုဖြစ်ပွားလာသည်။ မည်သည့်နည်းလမ်းကို အသုံးပြုရသည်ဖြစ်စေ စစ်သားစုဆောင်းမှုကို အောင်မြင်အောင်လုပ်ကိုင်မည်ဟု ဆုံးဖြတ်ထားသည့် စစ်ကောင်စီကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဖြစ်ပွား လာမည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စိုးရိမ်သည်။

စစ်ကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတောင်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဖြစ်ပွားလာသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ထား သည်။

နောက်ဆုံးထုတ်ပြန်ခဲ့သည့် **"အတင်းအကြပ်စစ်တိုက်ခိုက်ခြင်း"** - ဗမာစစ်တပ်၏ ယုတ်ညံ့သည့်နည်းဗျူဟာ အစီရင်ခံစာတွင် စစ်ကောင်စီက မွန်၊ ကရင်နှင့် တနင်္သာရီဒေသများ၌ စစ်သားအင်အား မတရားစုဆောင်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

မေလ ပထမအပတ်တွင် သံဖြူဇရပ်မြို့နယ်မှ လူငယ်အယောက် (၅၀) နီးပါးကို စစ်မှုထမ်းရန်အတွက် စာရင်းသွင်းခဲ့ပြီး ဝဲကလိအခြေစိုက်တပ်ရင်းသို့ ပို့ဆောင်ခဲ့သည်။

မေလ (၃) ရက်နေ့တွင် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အနီးရှိ အမှတ် (၆) တပ်မတော်ပညာရေးကျောင်း တွင် ထိန်းသိမ်းထားသည့် လူငယ်များကို သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ အမှတ် (၄) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ခဲ့သည်။ မေလအစောပိုင်းတွင် စစ်သင်တန်း ဒုတိယအသုတ်ကို အဆိုပါ သင်တန်းကျောင်းတွင် စတင်ခဲ့သည်။

မေလအကုန်တွင် စစ်မှုထမ်းရန်အတွက် ဆင့်ခေါ်စာကို မော်လမြိုင်နှင့် အနီးအနားရှိကျေးရွာများတွင် တတိယအကြိမ် ဖြန့်ဝေခဲ့သည်။ တတိယအကြိမ်စစ်မှုထမ်းရန်အတွက် ရပ်ကွက် (၁) ခုလျှင် လူငယ် (၃) ဦးကို စုဆောင်းနိုင်ရန် စစ်ကောင်စီက ပစ်မှတ်ထားနေသည်။

မော်လမြိုင်မြို့ရှိ ဖက်ခင်း၊ မောင်ငံ၊ ဈေးကြိုနှင့် ရခိုင်ကုန်းကဲ့သို့သော ရပ်ကွက်များတွင် အကြောင်းကြားစာများကို ပေးပို့ခဲ့သည်။

**"ယောက်ျားတစ်စုက ဒီစာတွေကို အိမ်တိုင်ရာရောက်လိုက်ဝေနေတယ်။ စစ်မှုထမ်းဖို့အတွက် သုံးရမယ့်ရန်ပုံငွေကို ချပေးပြီးသားဖြစ်နေပြီ"** ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

စစ်မှုထမ်းရန်အတွက် ဆင့်ခေါ်စာများကို မော်လမြိုင်မြို့ ပေါ်ရပ်ကွက်များသာမက အနီးအနားကျေးရွာများတွင်ပါ ပေးပို့ထားပြီးဖြစ်သည်။ သတ်မှတ်အသက်အပိုင်းအခြားနှင့် ကိုက်ညီသူများအနေဖြင့် မပျက်မကွက်စစ်မှုထမ်းရမည်ဟု ပါရှိသည်။ ပျက်ကွက်သူများကို ဥပဒေအရ အရေးယူမည်ဟုလည်း ဆိုသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ မြို့နယ်ကော်မတီက စစ်မှုထမ်းရန်ဆင့်ခေါ်ရာတွင် ပျက်ကွက်လျှင်ဖြစ်စေ၊ စစ်မှုထမ်းရန် စာရင်းပေးသွင်းပြီးနောက် ဆေးစစ်မှုခံယူရန် ပျက်ကွက်လျှင်ဖြစ်စေ ထောင်ဒဏ် (၃) နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ် (၂) ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်နေသူ မည်သူ့ကိုမဆို ပြင်းထန်စွာအရေးယူသွားမည် ဖြစ်ကြောင်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက ကြေညာခဲ့ပြီး ကြေညာသည့်အတိုင်း အရေးယူမှုများ လုပ်ဆောင်နေ သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို စစ်ကောင်စီ ၂၀၂၄ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ပြန်လည်အသက်သွင်းခဲ့ပြီး နည်းဥပဒေ မပြဋ္ဌာန်းရသေးသော်လည်း လက်တွေ့ အကောင်အထည်ဖော်မှုများကို လုပ်ဆောင်နေသည်။

မွန်ပြည်နယ်တွင် စစ်မှုထမ်းသင်တန်းအပတ်စဉ် (၁) ကို ဧပြီလ (၁) ရက်နေ့တွင် စတင်ခဲ့ပြီး ဥပဒေအရ အကျုံးဝင်သူ ပြည်သူအားလုံးကို စစ်မှုထမ်းရန် လုပ်ဆောင်ခဲ့သည်။ အပတ်စဉ် (၂) ကို အပတ်စဉ် (၁) သင်တန်း မပြီးဆုံးမီ မေလ ဒုတိယအပတ်တွင် စတင်ခဲ့ပြန်သည်။

သတင်းများအရ မြေပြင်တွင် စစ်မှုထမ်းရန်ရွေးချယ်ခံရသူများကို အုပ်ချုပ်ရေးမှူးများက ခြိမ်းခြောက်ခြင်း၊ ငွေကြေးပေးဆောင်ပြီး စစ်မှုထမ်းရန် ရှောင်လွှဲခြင်းနှင့် မတရားဖမ်းဆီးပြီး စစ်မှုထမ်းစေခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေကြောင်း သိရသည်။

ဒေသခံအမျိုးသမီးတစ်ဦးက **"လတိုင်း စစ်မှုထမ်းဖို့ လူရွေးနေတယ်။ လူစားထိုးဖို့ ကျွန်မတို့က (တစ်အိမ်ကို) (၁၀,၀၀၀) ကျပ် ပေးနေရတယ်။ တစ်လကို လူ (၂) ယောက် ရွေးတယ်"** ဟု ပြောသည်။

စစ်ကောင်စီက စစ်မှုထမ်းရန်အတွက် သင်တန်းသားများ ရွေးချယ်နေချိန်တွင် အခြားတစ်ဖက်တွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေ၏ နည်းဥပဒေထွက်ပေါ်လာစေရန် လုပ်ဆောင်နေလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် မွန်ပြည်နယ်ရှိ လူငယ်အများအပြားသည် ထွက်ပြေးတိမ်းရှောင်သွားကြသည်။ နီးစပ်ရာလက်နက်ကိုင်အဖွဲ့အစည်းများထံတွင် ခိုလှုံသွားသူများ ရှိသကဲ့သို့ ရရာနည်းလမ်းဖြင့် နိုင်ငံခြားသို့ တိမ်းရှောင်သွားသူများလည်း အများအပြားရှိလာသည်။

ထားဝယ်နှင့် မြိတ်မြို့နယ်များတွင်လည်း စစ်ကောင်စီက တတိယအသုတ်အတွက် စစ်မှုထမ်းရန် ဆင့်ခေါ်စာများ ဖြန့်ဝေနေသည်။

အပတ်စဉ် (၁) တွက် တနင်္သာရီဒေသမှ လူငယ် (၅၀၀) ကျော် စစ်မှုထမ်းရန် ဆင့်ခေါ်ခံရပြီး လက်ရှိတွင် ၎င်းတို့ကို ပုလောမြို့နယ် ပလောက်အခြေစိုက် အမှတ် (၁၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် သင်တန်းပေး နေသည်။

အပတ်စဉ် (၁) နှင့် အပတ်စဉ် (၂) သင်တန်းမပြီးဆုံးသေးသော်လည်း အပတ်စဉ် (၃) အတွက် ဆင့်ခေါ်စာများကို ဖြန့်ဝေနေပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် ရိုက်ခတ်များ အများအပြားဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့အနက် စစ်မှုထမ်းရမည့် ဒေသခံလူငယ်များအတွက် ရွှေ့ပြောင်းလုပ်သားများကို ငွေကြေးဖြင့်ငှားရမ်းကာ လူစားထိုးစစ်မှုထမ်း စေခြင်းဈေးကွက်သည် တွင်တွင်ကျယ်ကျယ်ပေါ်ပေါက်လာသည်။ စစ်မှုထမ်းရန် ရွေးချယ်ခံရသူများကို သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများက ရွေးချယ်ပေးရသည်မှတဆင့် အဆိုပါကိစ္စရပ်များ ပေါ်ပေါက်လာခြင်း

ဖြစ်သည်။ ဒေသခံလူငယ်အများအပြားက စစ်မှုထမ်းရမည်ကို ကြောက်ရွံ့ပြီး တိမ်းရှောင်သွားကြသဖြင့် သတ်မှတ်အင်အား ပြည့်မီရန် ရွှေ့ပြောင်းလုပ်သားများကို ငွေကြေးပေးငှားရမ်းကာ လူစားထိုးလာသည်။

သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လည်း ကျေးရွာ သို့မဟုတ် ရပ်ကွက် (၁) ခုလျှင် စစ်မှုထမ်း ရန် လူ (၂) ဦးစီ ပေးပို့ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်ကြောင့် ဒေသခံပြည်သူများက လူစားထိုးရန် ရွှေ့ပြောင်းလုပ်သားတစ်ဦးလျှင် ကျပ်သိန်း (၂၀) ဖြင့် ငှားရမ်းခဲ့ရသည်။ စစ်မှုထမ်းအမိန့်ကြောင့် တစ်အိမ်ထောင်လျှင် ငွေကျပ် (၁၀,၀၀၀) မှ (၅၀,၀၀၀) အထိ ပေးဆောင်ခဲ့ရကြောင်း ရပ်ကျေးအုပ်ချုပ်ရေးမှူး များက ပြောသည်။

လူစားထိုးငှားရမ်းသည့်ဈေးကွက်တွင် လူတစ်ဦးလျှင် ငွေကျပ် သိန်း (၂၀) မှ သိန်း (၅၀) အထိ ပေါက်ဈေးရှိ နေသည်။ စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများက အဆိုပါ ငှားရမ်းမှုများအတွက် ငွေကြေးအဆမတန်ကောက်ခံနေ ပြီး အဆိုပါ ငွေကြေးများကို ကိုယ်ကျိုးအတွက် ရယူခဲ့ သည်များလည်း ရှိသည်။

မွန်ပြည်နယ်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာ (၄၆၈) ခု ရှိပြီး စစ်မှုထမ်းအပတ်စဉ် (၁) ခုအတွက် ရပ်ကွက်/ ကျေးရွာ (၁) ခုလျှင် လူ (၁) ဦးကျ ပေးပို့ရမည်ဖြစ်သည်။ မပျက်မကွက်ပေးပို့ရန် စစ်ကောင်စီက ဖိအားပေး လုပ်ဆောင်လျက် ရှိသည်။

လူစားထိုးစစ်မှုထမ်းရန်အတွက် ရွှေ့ပြောင်းလုပ်သားများ ကို အားကိုးလာသည်နှင့်အမျှ လုပ်သားအင်အား ရှားပါး မှုလည်း ဖြစ်ပေါ်လာပြီး ဒေသတွင်းလုပ်ငန်းများအပေါ် ရိုက်ခတ်မှုရှိလာသည်။ သံဖြူဇရပ်မြို့နယ်မှ ပင်လယ် စာလုပ်ငန်းရှင်တစ်ဦးက **"စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်းမှာ အသက် (၁၈) ကျော်တဲ့ လူငယ်အများစုက သူတို့အလုပ်အကိုင်ကို စွန့်ပစ်ပြီး နိုင်ငံခြားထွက်သွားကြ တယ်။ အဲတော့ လုပ်သားအင်အား အများကြီးလျော့သွား တယ်။ ကျန်တဲ့လုပ်သားထဲက တချို့လည်း စစ်မှုထမ်း တဲ့အထဲ ပါသွားတော့ အလုပ်သမားရဖို့ တော်တော်လေး အခက်အခဲဖြစ်လာတယ်။ လုပ်ငန်းတွေအတွက်ကတော့ တကယ့်ပြဿနာပေါ့"** ဟု ပြောသည်။

မွန်ပြည်နယ်တွင် ရွှေ့ပြောင်းလုပ်သားအင်အား (၇၀,၀၀၀) ကျော် ရှိပြီး အများစုသည် ဧရာဝတီနှင့် ပဲခူးတိုင်းများမှ ဖြစ်ကြသည်။

မော်လမြိုင်တွင် စစ်မှုထမ်းရန် လူခေါ်သည့်ပုံစံသည် အုပ်ချုပ်ရေးမှူးများက ရွှေ့ပြောင်းလုပ်သားများ ကို ငွေကြေးဖြင့်မက်လုံးပေးသည့်ပုံစံအပြင် အိမ်တိုင်ရာရောက်ခြိမ်းခြောက်ပြီး အတင်းအကြပ် စစ်မှုထမ်းခိုင်းသည်များ လည်း ရှိသည်။

**"အုပ်ချုပ်ရေးမှူးနှင့် လဝက,ဆီမှာတော့ စစ်မှုထမ်းရ မယ့်လူစာရင်း ရှိတာပေါ့။ သူတို့မှာက ခေါင်းဆောင် အပါအဝင် လူ (၈) ယောက်အဖွဲ့ ရှိတယ်။ အဲလူတွေက အချက်အလက်တွေကို တက်တက်ကြွကြွလိုက်ကောက် နေကြတယ်"** ဟု မော်လမြိုင်မြို့ခံတစ်ဦးက ပြောသည်။

၎င်းပြင် မော်လမြိုင်ရှိ အိမ်ထောင်စုများသည် ဝင်ငွေ အနည်းအများပေါ် မူတည်ပြီး တစ်အိမ်ထောင်လျှင် ငွေကျပ် (၅,၀၀၀) မှ (၅၀,၀၀၀) အထိ ပေးဆောင်နေရ သည်။

ထိုကဲ့သို့ အတင်းအကြပ်လုပ်ဆောင်မှုများ ရှိနေ သော်လည်း မွန်ပြည်နယ်တွင် ဒုတိယအပတ်စဉ်အတွက် သင်တန်းသားဦးရေသည် သတ်မှတ်ထားသည်ထက် များ စွာလျော့နည်းခဲ့သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းက စစ်မှုထမ်း ရန်ရွေးချယ်ခံရသူများကို သံဖြူဇရပ်ရှိ သင်တန်းကျောင်း တွင် နှုတ်ဆက်နေသည်ကို တွေ့မြင်ခဲ့ရပြီး သင်တန်းသား များ အားတက်ရန်အတွက် ငွေကြေးပေးဝေမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

## မေလ ၂၀၂၄

စစ်ကောင်စီက စစ်မှုထမ်းမည့်သူများကို အတင်းအကြပ် စုဆောင်းနေပြီး စစ်မှုထမ်းရန်အကျုံးဝင်သူများစာရင်းကို လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့များထံမှ မရမက တောင်းယူနေသည်။

မွန်ပြည်နယ်တွင် စစ်မှုထမ်းရန်အတွက် စစ်ကောင်စီက အမျိုးမျိုးသောလူငယ်များကို ပစ်မှတ်ထားနေပြီး မတရားဖမ်းဆီးမှုများပါ လုပ်ဆောင်လာသည်။ ဖမ်းဆီးထားသူများကို ပြန်လည်လွှတ်ပေးစေလိုပါက ငွေကြေးပေးဆောင်ရမည် ဖြစ်သည်။ စစ်မှုထမ်းဥပဒေကို အကြောင်းပြုပြီး စစ်ကောင်စီအဖွဲ့ဝင်များက အပြစ်မဲ့ပြည်သူများကို နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်အဖန်ဖန် ငွေညှစ်နေသည်။

စိတ်သဘောထားဆန္ဒမပါဘဲ စစ်မှုထမ်းရန် အတင်းအကြပ်ရွေးချယ်ခံရသူများလည်း ရှိနေပြီး လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည်။ ဒေသခံပြည်သူများကို စစ်သားအဖြစ် မတရားစုဆောင်းခေါ်ယူနေခြင်း ဖြစ်သည်။

မုတ္တမနှင့် ပေါင်မြို့နယ်များတွင်လည်း လူငယ် (၄) ဦးသည် ပျောက်ဆုံးလျက်ရှိသည်။ ၎င်းတို့ကို မတရားဖမ်းဆီး ထိန်းသိမ်းပြီး စစ်သားအဖြစ် မတရားစုဆောင်းနိုင်ကြောင်း သတင်းထွက်ပေါ်နေသည်။

မေလ (၆) ရက်နေ့တွင် ပေါင်မြို့နယ် မုတ္တမမြို့ ကျွဲခြံကျေးရွာမှ အသက် (၁၆) နှစ်အရွယ် လူငယ် (၂) ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးပြီး ငွေကြေးအဓမ္မတောင်းခံခဲ့သည်။ မောင်ချစ်လင်းဇော်နှင့် မောင်ချစ်လင်းအောင်တို့ (၂) ဦးကို ဆိုင်ကယ် (၁) စီးကို လူ (၂) ယောက် စီးနင်းသည်ဟု ဆိုကာ ရပ်တန့်ဖမ်းဆီးပြီး ရဲစခန်းတွင် ချုပ်နှောင်ထားခဲ့သည်။

တရားစွဲဆိုမှုကို ရှောင်လွှဲလိုပါက ငွေကျပ် (၁၀) သိန်းပေးဆောင်ရမည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောသည်။ မိသားစုဝင်များက တောင်းပန်ပြီးနောက် ငွေကျပ် (၂) သိန်းဖြင့် အမှုကို ကျေအေးခဲ့သည်။

အဆိုပါအဖြစ်အပျက်သည် မွန်ပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင်များက ပြည်သူများကို လွန်လွန်ကျူးကျူးငွေညှစ်နေကြောင်း ပြသနေသည်ဟု ဒေသခံသတင်းဌာနများက ပြောသည်။ ၂၀၂၄ ဧပြီလတွင်လည်း အနည်းဆုံး လူငယ် အယောက် (၅၀) ခန့်သည် အလားတူအခြေအနေမျိုးတွင် ဖမ်းဆီးခံခဲ့ရပြီး ရဲတပ်ဖွဲ့ဝင်များကို ငွေကြေးပေးဆောင်ခဲ့ရသည်။

စစ်ကောင်စီ၏စစ်ဆေးရေးဂိတ်များသည် ခရီးသွားပြည်သူများအတွက် အန္တရာယ်တွင်း ဖြစ်နေသည်။ လူ့အသက်ကိုပင် တန်ဖိုးမထားဘဲ ပြည်သူများကို စောင့်ကြည့်ထိန်းချုပ်ရန်သာ စစ်ကောင်စီက လုပ်ဆောင်နေသည်။ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ပလိုင်းကျေးရွာမှ အသက် (၃၀) အရွယ် လူငယ်တစ်ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့သည်။

၎င်း၏ရုပ်အလောင်းကို ဖမ်းဆီးခံရသည့်နေ့မှ ရက်ပိုင်းအကြာ ဧပြီလ (၂၇) ရက်နေ့တွင် ပြန်လည်တွေ့ရှိခဲ့သည်။ ၎င်း၏လက်ကိုင်ဖုန်းကို စစ်ဆေးရာမှ မွန်ပြည်သစ်ပါတီ(စစ်အာဏာရှင်တိုက်ဖျက်ရေး)ကို အားပေးကူညီသည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ဧပြီလ (၂၅) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကော့ပလိုင်းကျေးရွာနှင့် အနီးအနားဝန်းကျင်ကို ဝင်ရောက်လာပြီး ဒေသခံရွာသားများကို ရှာဖွေစစ်ဆေးခဲ့သည်။

**“မင်းအောင်ချန်းက အဖမ်းခံလိုက်ရတယ်ဆိုတာ သေချာပါတယ်။ သူ့ဆိုင်ကယ်ကိုလည်း သိမ်းသွားတယ်။ အဲနေ့ကတည်းက သူ့ကိုထပ်မတွေ့ရတော့ဘူး။ နောက်တော့ သူ့အလောင်း လူသူမရှိတဲ့အိမ်တစ်လုံးနားမှာ တွေ့တယ်။ အညိုအမဲဒဏ်ရာနဲ့ သေနတ်နဲ့အပစ်ခံထားရတဲ့ဒဏ်ရာတွေ တွေ့ရတယ်”** ဟု ကော့ပလိုင်းကျေးရွာမှ မျက်မြင်တစ်ဦးက ပြောသည်။

## မေလ ၂၀၂၄

ဧပြီလ (၂၈) ရက်နေ့ ညနေစောင်းအချိန်အထိ စစ်တပ်က အဆိုပါဒေသကို ထိန်းချုပ်ထားပြီး မိသားစုဝင်များနှင့် ရွာသားများကို ချဉ်းကပ်ခွင့် မပေးချေ။

နောက်ထပ်ဒေသခံတစ်ဦးဖြစ်သည့် အသက် (၃၇) နှစ်အရွယ် နိုင်စိုးကြည်လည်း ပျောက်ဆုံးနေပြီး အလားတူ အခြေအနေဖြင့်ပင် သေဆုံးနေကြောင်း တွေ့ခဲ့ရသည်။ ကော့ပလိုင်းကျေးရွာတွင် အခြေအနေများ တင်းမာနေဆဲ ဖြစ်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေမှုများ၊ တန်ဖိုးရှိပစ္စည်းများကို လုယက်ယူငင်မှုများနှင့် ဒေသခံများ၏ ပုဂ္ဂလိကပိုင်ပစ္စည်းဥစ္စာများနှင့် မော်တော်ယာဉ်များကို ယူဆောင်သွားမှုများ ပြုလုပ်ခဲ့သည်။

စစ်တပ်က နေအိမ်များတွင် ဝင်ရောက်နေထိုင်ပြီး ကျေးရွာတွင် ကင်းလှည့်လည်နေသဖြင့် ဒေသခံပြည်သူများမှာ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်နေသည်။ စစ်တပ်က သွားလာခွင့်ကိုလည်း ကန့်သတ်ထားသဖြင့် ဒေသခံပြည်သူ များမှာ ခက်ခဲသည့်အနေအထားတစ်ခုနှင့် ကြုံတွေ့နေရသည်။

ကော့ပလိုင်းနှင့် အနီးအနားကျေးရွာများကို အမှတ် (၈၁) စစ်ကြောင်းနှင့် နယ်ခြားစောင့်တပ်များက အတင်းဝင်ရောက် တပ်စွဲထားခြင်းကြောင့် ဒေသခံပြည်သူအများအပြားမှာ မတရားဖမ်းဆီးမှုဒဏ်၊ အကြမ်းဖက်မှုဒဏ်နှင့် ခိုးယူလုယက်မှု ဒဏ်မှ လွတ်ကင်းရန် ထွက်ပြေး တိမ်းရှောင်နေရသည်။

လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများက ဆက်လက်ဖြစ်ပွားနေသည်။ ဧပြီလ (၂၇) ရက်နေ့ ည (၁၀) နာရီတွင် သထုံအခြေစိုက်အမြောက်တပ်ရင်းက ခါးရိုး ကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ တိုက်ပွဲဖြစ်ပွား ခြင်းမရှိဘဲ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

နောင်ဘိုကျေးရွာမှ အသက် (၆၇) နှစ်အရွယ် စောရိုးသည် ခါးရိုးကျေးရွာရှိ ကွမ်းသီးခြံတွင် အလုပ်လုပ်နေစဉ် လက်နက်ကြီးကျည်ထိမှန်ခဲ့သည်။

ဧပြီလတတိယအပတ်မှစတင်၍ စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေကြောင်း ဒေသခံများက ပြောသည်။ ဒေသခံပြည်သူများမှာ ဗုံးခိုကျင်းများတွင် ပုန်းအောင်းနေကြရသည်။

ဧပြီလ (၂၇) ရက်နေ့ နေ့ခင်းအချိန်တွင် စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် သထုံမြို့နယ် ကော့လှိုင်း ကျေးရွာမှ ရာဘာခြံ (၁၅) ဧက ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

လွန်ခဲ့သည့် (၂) ရက်ခန့်တွင်လည်း အလားတူတိုက်ခိုက်မှုကြောင့် ဘီးလင်းမြို့နယ် မရမ်းကုန်းကျေးရွာမှ ဒေသခံရွာသားဖြစ်သူ စောမောင်သိန်းမြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် (၈) လုံး ပျက်စီးခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်ခြင်းနှင့် လေကြောင်း တိုက်ခိုက်ခြင်းများ ပြုလုပ်ကာ ဒေသခံပြည်သူများအကြား အကြောက်တရားကြီးမားအောင် ဖန်တီးလျက်ရှိသည်။

မေလ (၄) ရက်နေ့ မနက်စောစောပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ပနော့နှင့် ကော့ဒွန်းကျေးရွာများကို စစ်ကောင်စီက လေကြောင်းဖြင့် ရုတ်တရက် တိုက်ခိုက်ခဲ့ရာ ဒေသခံပြည်သူများမှာ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က Mi-35 ရဟတ်ယာဉ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်က ကျေးရွာအဝင်ဝကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး ကံကောင်းထောက်မစွာပင် လူနှင့် နေအိမ်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ကော့ပနော့ဒေသခံတစ်ဦးက “ရုတ်တရက် တိုက်ခိုက်လာတာ။ အိမ်တွေ မထိတာ ကျေးဇူးတင်ရမယ်။ အကုန်လုံးလည်း ဘေးလွတ်ရာပြေးကြရတယ်။ ကျွန်တော်တို့အတော်များများတော့ ပြေးကုန်တာပေါ့၊ တချို့ဆို ရွာထဲမှာပဲ ပုန်းနေကြရတယ်” ဟု ပြောသည်။

## မေလ ၂၀၂၄

ယခုအဖြစ်အပျက်က ပြည်သူများအကြားတွင် စိုးရိမ်ထိတ်လန့်မှုက အစဉ်အမြဲကြီးစိုးနေသည်ကို ဖော်ပြနေသည်။ ပျားတောင်ဒေသတစ်ဝိုက်တွင် ပဋိပက္ခများ ပြန်လည်ဖြစ်ပွားလာမည်ကို ပြည်သူများက ကြောက်ရွံ့နေကြသည်။

မတ်လ (၂၅) ရက်နေ့တွင် တော်လှန်ရေးအင်အားစုများက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းရဲစခန်းကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် စစ်တပ်က နယ်မြေစိုးမိုးမှု ပြန်လည်ရယူပြီး စစ်အင်အားပြန်လည်ဖြည့်တင်းလာသည်။

စစ်တပ်ဝင်ရောက်လာပြီးနောက်ပိုင်း ကျိုက်မရောမြို့နယ် ဂျိုင်းမြစ်တစ်လျှောက်ရှိ ကျေးရွာ (၁၀) ရွာကျော်မှ နေအိမ်အလုံး (၅၀၀) ကျော် ဖောက်ထွင်းခံရပြီး အဖိုးတန်ပစ္စည်းများ ခိုးယူခံခဲ့ရကြောင်း ဒေသခံများက ပြောသည်။

ဒေသတွင်းပဋိပက္ခမှတဆင့် ဓမ္မသတ်ကျေးရွာသည် မီးလောင်ပြာကျခဲ့ရသည်။ နေအိမ် (၅၀၀) ကျော် မီးလောင်ပျက်စီးခဲ့ပြီး အခြားကျေးရွာ (၈) ရွာမှ နေအိမ်အလုံး (၁၀၀) ကျော်လည်း ထိခိုက်ပျက်စီးခဲ့ရသည့်အပြင် လူထိခိုက်သေဆုံးမှုလည်း ဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့်လအတွင်း မွန်နှင့်ကရင်ပြည်နယ်,နယ်စပ်တစ်လျှောက်ရှိ ကော့ဘိန်း၊ ကော့ပေါက်၊ တရနာ၊ သံကလောင်နှင့် ဓမ္မသတ်ကျေးရွာများတွင် လက်နက်ကိုင်ပဋိပက္ခများ အပြင်းအထန်ဖြစ်ပွားခဲ့သည်။

စစ်ကောင်စီတပ်နှင့် မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး) တို့အကြားက တိုက်ပွဲများအပြင် လေကြောင်း တိုက်ခိုက်မှု၊ ပစ်ခတ်သတ်ဖြတ်မှုနှင့် မတရားဖမ်းဆီးသတ်ဖြတ်မှုတို့ကြောင့် ဒေသခံပြည်သူ အနည်းဆုံးအယောက် (၃၀) ခန့် သေဆုံးခဲ့ရသည်။

ကော့ဘိန်းကျေးရွာရဲစခန်းအနီးတွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေပြီး အကြမ်းဖက်မှုဖြစ်စဉ်များသည် နေ့စဉ်ဖြစ်ပွားနေသည်။ ပြည်သူများအကြား ကြောက်လန့်စိုးရိမ်စိတ်များ ကြီးစိုးနေသည်။

ထိခိုက်သေဆုံးခဲ့ရသူများသည် အသက် (၁၈) နှစ်မှ (၅၀) နှစ်ကြားရှိ ရွာသားများဖြစ်ပြီး ၎င်းတို့အနက် သံဃာတော် (၁) ပါးလည်း ပါဝင်ခဲ့သည်။

ဓမ္မသတ်နှင့် အနီးအနားဝန်းကျင်မှ ထွက်ပြေးလွတ်မြောက်လာသူများသည် ခေတ္တခဏ သက်သာရာရခဲ့သည်။

သို့သော် စစ်ဘေးရှောင်အများစုသည် ယနေ့အချိန်အထိ နေရပ်မပြန်နိုင်ကြသေးချေ။ စစ်ကောင်စီတပ်သားများက ကျေးရွာများတွင် ဝင်ရောက်တပ်စွဲထားသဖြင့် အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားလာမည်ကို ဒေသခံပြည်သူများက ကြောက်ရွံ့နေကြသည်။ ကျေးရွာအတွင်း ပိတ်မိနေသူများသည် ခက်ခဲသည့်အခြေအနေနှင့် ရင်ဆိုင်နေရပြီး စစ်ကောင်စီတပ်က ၎င်းတို့ကို ခြိမ်းခြောက်နေသည်။

**"ဗမာစစ်သားတွေက လူသတ်နေတော့ ရွာသားတွေက အိမ်မပြန်ရဲဘူး။ အိမ်မပြန်ရင်လည်း ကျန်ခဲ့တဲ့အိမ်တွေ၊ ကားတွေအတွက် စိတ်ပူနေရတယ်။ တချို့သက်ကြီးရွယ်အိုတွေက မလှုပ်ရှားနိုင်တော့လို့ ရွာထဲမှာ ကျန်ခဲ့ရတယ်။ သူတို့အတွက်လည်း စိုးရိမ်နေရတယ်"** ဟု ရွာသားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လက အိမ်ခြေ (၅၀၀) နီးပါး မီးလောင်ပြာကျခဲ့ပြီး အများအပြားမှာ ထိခိုက်ပျက်စီးခဲ့သည်။ စစ်ကောင်စီတပ်သားများက မော်တော်ဆိုင်ကယ်နှင့် မီးခံသေတ္တာကဲ့သို့သော အဖိုးတန်ပစ္စည်းများကို ခိုးယူနေသည်။

ယခုကဲ့သို့ ပြည်သူတို့၏အိုးအိမ်စည်းစိမ်ကို အစုလိုက်အပြုံလိုက် ဖျက်ဆီးပစ်ခြင်းသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ပြည်သူများကြုံတွေ့ရသည့် နာကျည်းဖွယ်အမှန်တရား ဖြစ်သည်။ ပြည်သူများမှာ မိမိတို့၏ အသက်ခန္ဓာနှင့် အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်နိုင်ရန် မစွမ်းသာခဲ့ချေ။

စစ်ကောင်စီသည် စစ်ရေးအရ ပိုမိုရှုံးနိမ့်လာလေလေ ပြည်သူများပေါ် ပိုမိုအကြမ်းဖက်လေလေ ဖြစ်သည်။ တော်လှန်ရေးအင်အားစုများနှင့် ဆက်နွယ်ပတ်သက်သည်ဟုဆိုကာ ပြည်သူများကို ပစ်မှတ်ထားသည်။မော်လမြိုင်မြို့တွင် အမျိုးသမီး (၁) ဦးနှင့် အမျိုးသား (၃) ဦးတို့ကို တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်သည်ဟုဆိုကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။

မေလ (၁) ရက်နေ့တွင် ရန်ကုန်မြို့ သာကေတမြို့နယ်မှ ရဲကိုပိုင်၊ မင်းခန့်နိုင်၊ မင်းသူရိန်နှင့် စစ်ကိုင်းမြို့ ရွှေသမားရပ်ကွက်မှ မမျိုးသန္တာအေးတို့ကို စစ်တပ်က တရားစွဲဆိုခဲ့သည်။ ၎င်းတို့ကို ဧပြီလ (၁၉) ရက်နေ့တွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်မှ ဇင်ယော်တည်းခိုခန်းတွင် စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

၎င်းတို့ (၄) ဦးသည် ကျိုက်ထိုမြို့နယ် ပိန္နဲတောကျေးရွာအနီး ရာဘာခြံရှိ ပြည်သူ့ကာကွယ်ရေးတပ်စခန်းတစ်ခုနှင့် ဆက်စပ်ပတ်သက်မှုရှိသည်ဟု စစ်ကောင်စီက စွပ်စွဲခဲ့သည်။ ၎င်းတို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) ဖြင့် တရားစွဲဆိုကာ စစ်ဆေးလျက်ရှိသည်။

ဧပြီလ (၁၉) ရက်နေ့မတိုင်ခင် ရက်အနည်းငယ် ညနေ (၃) နာရီအချိန်တွင် မြိုင်သာယာရပ်ကွက်မှ ရဲလင်းဖြိုးဆိုသူကို စစ်ကောင်စီက စစ်ဆေးခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ငွေကြေးထောက်ပံ့ သည်ဟုဆိုကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) ဖြင့် တရားစွဲဆိုခဲ့ပြန်သည်။

မော်လမြိုင်မြို့ မောင်ငံရပ်ကွက်မှ ဒေါ်ကြည်ဝထွန်းနှင့် မပွင့်ဖြူအောင်တို့ကိုလည်း အလားတူပုဒ်မဖြင့် တရားစွဲဆိုခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ များကို ငွေကြေးထောက်ပံ့သည်ဟု စွပ်စွဲကာ ဧပြီလ (၇) ရက်နေ့တွင် အပြစ်ပေးအရေးယူခဲ့သည်။

ဦးဇေမင်းဦးနှင့် မချိုချိုခိုင်တို့ကိုလည်း လူမှုကွန်ရက်မှတဆင့် တော်လှန်ရေးအဖွဲ့အစည်းများကို ရန်ပုံငွေရှာဖွေပေး သည်၊ အလှူငွေထည့်ဝင်သည်ဟု ဆိုကာ ဧပြီလ (၄) ရက်နေ့တွင် တရားစွဲဆိုခဲ့ပြန်သည်။ ၎င်းတို့ (၂) ဦးကိုမူ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ဗမာစစ်တပ်သည် တော်လှန်ရေးအင်အားစုများကို တိုက်ရိုက်ပစ်မှတ်ထားနေသည်။ မေလ (၁၆) ရက်နေ့ ညနေပိုင်းတွင် မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အဖွဲ့ဝင်တစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ အသက် (၅၃) နှစ်အရွယ် နိုင်တင်စိန်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်သွယ်နေသည်ဟု စွပ်စွဲကာ နေအိမ်တွင်ပင် လာရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

နိုင်တင်စိန်ကို ရေးမြို့မရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်ဆေးမေးမြန်းနေသည်။ "နွေခင်းကြောင်တောင်" အချိန်တွင် အင်အားသုံးဖမ်းဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအကြား စိုးရိမ်ကြောက်လန့်မှုများ ကြီးထွားနေသည်။

ယခုနှစ်အစောပိုင်းကာလ ဇန်နဝါရီ (၂၂) ရက်နေ့တွင် ရေးမြို့နယ် အစင်ကျေးရွာမှ ရွှေတောင်ကြီးစားသောက်ဆိုင်ပိုင်ရှင် ကိုနေပိုင်နှင့် ၎င်း၏အလုပ်သမား (၂) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး ယနေ့အချိန်အထိ ပြန်လည်လွှတ်ပေးခြင်း မရှိချေ။

အာဏာရှင်လက်အောင်တွင် အမှုမထမ်းခြင်း CDM ပြုလုပ်ထားသူများ အလုပ်လုပ်ရာ လုပ်ငန်းခွင်များကိုလည်း စစ်ကောင်စီက ပစ်မှတ်ထားသည်။ CDM ကျန်းမာရေးဝန်ထမ်းများကို ခန့်အပ်ထားသည်ဟု ဆိုကာ မော်လမြိုင်မြို့ရှိ အေးသန္တာပုဂ္ဂလိကဆေးရုံကို (၃) လ ပိတ်ပင်လိုက်သည်။ ထားဝယ်မြို့ရှိ ဆေးရုံတစ်ခုကိုလည်း စစ်ကောင်စီလက်အောက်ခံ ကျန်းမာရေးဝန်ကြီးဌာနက မေလ (၁) ရက်နေ့တွင် ပိတ်ပင်ခဲ့သည်။

CDM ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ဟု တိုင်ကြားခံရပြီးနောက် ဆေးရုံကို ပိတ်ပစ်ရန် ညွှန်ကြားခဲ့ခြင်း ဖြစ်သည်။ အေးသန္တာဆေးရုံတွင် အထပ် (၄) ထပ် ရှိပြီး အခန်းပေါင်း (၄၀) ရှိသည်။ တပ်မတော် ခုတင် (၃၀၀) ဆေးရုံမှ စစ်ဆရာဝန်များကလည်း အေးသန္တာဆေးရုံတွင် အလုပ်လုပ်နေသည်။

**"အေးသန္တာဆေးရုံမှာ အဓိကဆေးကုပေးနေတာက စစ်ဆရာဝန်တွေပဲ။ အဲဆေးရုံက စစ်တပ်နဲ့ တော်တော်ရင်းနှီးတယ်။ ဆေးရုံမှာ CDM တွေကို ခန့်ထားတယ်ဆိုပြီး သတင်းပေါက်ကြားသွားလို့ အပိတ်ခံလိုက်ရတာ"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနက သတိပေးစာ ပေးပို့ခဲ့ဖူးပြီး CDM ဆရာဝန်များကို ခန့်အပ်ထားမှုရှိမရှိ ရှောင်တခင် စစ်ဆေးလေ့ရှိသည်။ CDM ဝန်ထမ်းများကို ခန့်အပ်ထားခြင်းကြောင့် ဆေးရုံကို ပိတ်ပစ်ခဲ့ခြင်း ဖြစ်ပြီး နောက်ထပ် စုံစမ်းစစ်ဆေးမှုများကိုလည်း လုပ်ဆောင်နေသည်။ မော်လမြိုင်မြို့တွင် အေးသန္တာဆေးရုံအပါအဝင် ပုဂ္ဂလိက ဆေးရုံ (၁၀) ခု ရှိနေသည်။

ရေဖြူမြို့နယ်တွင်လည်း CDM ကျောင်းဆရာမ (၂) ဦးဖြစ်သည့် ဒေါ်သက်သက်မော်နှင့် ဒေါ်ယဉ်ယဉ်အေးတို့ (၂) ဦးကို ရေဖြူမြို့နယ်တရားရုံးက ထောင်ဒဏ် (၄) နှစ်စီ ချမှတ်ခဲ့သည်။ ၎င်းတို့ကို ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး မေလ (၇) ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

အင်အား (၂၀) ပါ စစ်ကြောင်းသည် မောရဝတီရေတပ်စခန်းဌာနချုပ်က စစ်ကား (၃) စီးဖြင့် ကံပေါက်ရှိ ဆရာမများနေအိမ်သို့ ရောက်ရှိလာပြီး ၎င်းတို့ကို ညနက်ပိုင်းတွင် လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်သည်။

ဆရာမ (၂) ဦးကို မောရဝတီရေတပ်စခန်းဌာနချုပ်တွင် (၁) လကြာ ထိန်းသိမ်းချုပ်နှောင်ထားပြီး နောက်ဆုံးတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ငွေကြေးထောက်ပံ့သည်၊ အမျိုးသားညီညွတ်ရေးအစိုးရက ဖွင့်လှစ်သည့် စာသင်ကျောင်းတွင် စာသင်ပေးသည်ဟု စွပ်စွဲကာ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) ဖြင့် တရားစွဲဆိုခဲ့ သည်။

ရုံးချိန်း (၆) ကြိမ်ဖြင့် (၂) လခွဲကျော်ကြာ တရားရင်ဆိုင်ပြီးနောက် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့်ပင် ထောင်ဒဏ်ချမှတ်ခဲ့သည်။

တရားခွင်ပြီးနောက် ဆရာမ (၂) ဦးကို ထားဝယ်အကျဉ်းထောင်သို့ ပို့ဆောင်လိုက်သည်။ လက်ကိုင်ဖုန်းနှင့် လျှပ်စစ်ပစ္စည်းများအပါအဝင် ၎င်းတို့၏ပိုင်ဆိုင်မှုများကိုလည်း စစ်ကောင်စီက သိမ်းယူလိုက်ပြီး ပြန်လည်ပေးအပ်ခြင်း မရှိချေ။

မွန်နှင့် ကရင်ပြည်နယ်များတွင် စစ်ကောင်စီက စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ,နေရာများကို လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်နေကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်,တင်ပြခဲ့သည်။

စစ်ကောင်စီ၏ အငြိုးတကြီးတိုက်ခိုက်မှုများက ဒေသခံပြည်သူများကို အန္တရာယ်ကြီးကြီးမားမား ဖြစ်စေသည့်အပြင် အိုးအိမ်နှင့် အခြေခံအဆောက်အဦးများကိုလည်း ပျက်စီးဆုံးရှုံးစေသည်။ ၎င်းပြင် ပြည်သူများအကြားတွင် အကြောက်တရားနှင့် မရေရာမှုများကို ဖြစ်ပေါ်စေသည်။

ပြည်သူများမှာ မျက်စိဖြင့်မြင်တွေ့နိုင်သည့် ခန္ဓာကိုယ်ပေါ်က ထိခိုက်ဒဏ်ရာများအပြင် မျက်စိဖြင့်မမြင်နိုင်သည့် စိတ်ဒဏ်ရာများနှင့် မရေမတွက်နိုင်သည့်မိသားစုများက အတင်းအဓမ္မရွှေ့ပြောင်းခံရမှုဒဏ်များကိုလည်း ကြုံတွေ့ခံစား ခဲ့ရသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ စိုးရိမ်ဖွယ်ရာ မြင့်တက်နေသော်လည်း လုံလောက်သည့် အာရုံစိုက်မှုများနှင့် တုံ့ပြန်လုပ်ဆောင်ချက်များ မရှိသဖြင့် ပြည်သူများမှာ အကြမ်းဖက်မှုများကို ဆက်လက်ကြုံတွေ့ခံစားနေရဆဲ ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ မေလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၅၄) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၄၂) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၅၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၂၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၄ မေလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

မေလ ၂၀၂၄




**4+**

စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ

# 5

## ၂၀၂၄ မေလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| | | |
|---|---|---|
| **3** | **1** | **1** |
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၂၇,၀၀၀+

**စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| | | |
|---|---|---|
| **6+** | **4+** | **6+** |
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

## 6+

စီမံကိန်းဒေသများတွင် ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ်
အသုံးပြုခံရသည့် ရွာသားများဦးရေ

## 130+

ထိခိုက်ပျက်စီးခဲ့သော
လူနေအိမ်အရေအတွက်

## 20+

ထိခိုက်ပျက်စီးခဲ့သော
နေရာအရေအတွက်

## 15+

မတရားဖမ်းဆီးသိမ်းယူခဲ့သော
မော်တော်ဆိုင်ကယ်အရေအတွက်

## 3+

မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်
အရေအတွက်

## 35+

စစ်ကောင်စီကသိမ်းယူခဲ့သော
မော်တော်ယာဉ်အရေအတွက်

တိုက်ပွဲများဆက်လက်ပြင်းထန်နေသဖြင့် တနင်္သာရီတိုင်းမှ ဒေသခံပြည်သူအယောက် (၆,၀၀၀) ကျော်သည် အရေးပေါ် အကူအညီများ လိုအပ်နေသည်။ သိန္နော၊ ရာဖူးနှင့် အခြားသောကျေးရွာများမှ ရွာသူရွာသားများသည် တိုက်ပွဲများ ပိုမိုပြင်းထန်လာခြင်းနှင့် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လာခြင်းတို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည်။

## 8+

၂၀၂၄ မေလတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာ၌ စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ (၈) ဦး သေဆုံးခဲ့သည်။

## ကရင်ပြည်နယ်

- IDP 9,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 21 ဦးခန့်
- သေဆုံးသူ 9 ဦးခန့်

**မွန်ပြည်နယ်**

**တနင်္သာရီ တိုင်းဒေသကြီး**

မေလ (၆) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်စွန်းကျေးရွာအနီးရှိ သံဖြူဇရပ် - ဘုရားသုံးဆူကားလမ်းတစ်လျှောက်တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

မြေပြင်တွင်လှုပ်ရှားနေသည့် အရေးပေါ်ကူညီကယ်ဆယ်ရေးအသင်း၏ သတင်းပေးပို့ချက်အရ အမှတ် (၂၈၅) ခြေမြန်တပ်ရင်းက စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး လူနေကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

တိုက်ပွဲကြောင့် ဒေသခံပြည်သူများမှာ အရေးပေါ်ထွက်ပြေးခဲ့ရပြီး လက်နက်ကြီးမထိမှန်စေရန် မြောင်းများတွင် ပုန်းအောင်းခဲ့ရသည်။

သို့သော် နေအိမ်အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ပြတ်တောက်မှုအပါအဝင် အဆင်မပြေမှု အများအပြား ကြုံတွေ့ခဲ့ရသည်။

အခြေအနေများ တင်းမာနေဆဲဖြစ်ပြီး စစ်ရေးလှုပ်ရှားမှုများက တောင်စွန်းကျေးရွာမှ မိသားစု (၃၀၀) ကျော်အပေါ် ထိခိုက်မှုဖြစ်စေသည်။ အိမ်ထောင်စုများသည် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အကြောက်တရား ဆက်လက်ဖြစ်ပွားနေခြင်းနှင့် အိုးအိမ်အဆောက်အဦးများ ပျက်စီးဆုံးရှုံးသွားခြင်းတို့ကြောင့် နေရပ်မပြန်နိုင်သေးချေ။

လက်ရှိဖြစ်ပေါ်နေသည့်ပဋိပက္ခကြောင့်ဒေသခံပြည်သူများမှာ တိမ်းရှောင်ပြီးရင်း တိမ်းရှောင်နေကြရသည်။ လက်နက်ကိုင်ပဋိပက္ခဒေသတွင် အမျိုးသမီးနှင့် ကလေးသူငယ်များသည် ထိခိုက်မှုအများဆုံးခံစားရသည့်သူများ ဖြစ်သည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဘုရားကြီးကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး (၁) ဦး သေဆုံးပြီး အခြား (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်မှုသည် မေလ (၁၆) ရက်နေ့ နေ့လည့်ပိုင်းအချိန်တွင် ဖြစ်ပွားခဲ့ပြီး ဂျိုင်းမြစ်တွင် ကျောက်ချရပ်နားထားသည့် စစ်သင်္ဘောက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အသက် (၃၈) နှစ်အရွယ် အမျိုးသမီးသည် ပွဲချင်းပြီးသေဆုံးခဲ့ပြီး အခြားအမျိုးသမီးသည် ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာရဲစခန်းကို တော်လှန်ရေးအင်အားစုများ သိမ်းပိုက်ပြီးနောက်ပိုင်း စစ်ကောင်စီက လူနေကျေးရွာများကို နေ့စဉ်ရက်ဆက်တိုက်ခိုက်ခဲ့သည်။ ကြည်းတပ်အပြင် ဂျိုင်းမြစ်တွင် တပ်စွဲထားသည့်ရေတပ်ကပါ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လူထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။

မိသားစု (၃၀၀) ကျော် ရတ်တရက်ထွက်ပြေးတိမ်းရှောင်ခဲ့ရသဖြင့် အရေးပေါ်အကူအညီနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေပြီး အထူးသဖြင့် အသက်ရှင်သန်ရေးအတွက် အစားအစာနှင့် သောက်သုံးရေ လိုအပ်လျက်ရှိသည်။

လက်ရှိစစ်ဘေးရှောင်များသည် ဒုတိယအကြိမ်ထွက်ပြေးတိမ်းရှောင်ရသူများ ဖြစ်ပြီး ခိုလှုံစရာအမိုးအကာ မရှိသည့်အတွက် နီးစပ်ရာတောတောင်များတွင် ပုန်းအောင်းနေကြရသည်။ ဒေသခံကူညီကယ်ဆယ်ရေးအဖွဲ့အစည်း များကလည်း အဆိုပါမိသားစုများကို လိုအပ်သည့်ကူညီမှုများ ပေးအပ်နိုင်ရန်အတွက် တက်ကြွစွာကြိုးစားလုပ်ကိုင် လျက်ရှိသည်။

မေလ (၁၆) နှင့် (၁၇) ရက်နေ့များတွင် အမှတ် (၉) ခြေမြန်တပ်ရင်းက မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စုရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

တိုက်ခိုက်မှုကြောင့် ရွာသား (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင်ကရင် အမျိုးသားအစည်းအရုံးက ထုတ်ပြန်ထားသည်။

မေလ (၁၆) ရက်နေ့တွင် ဝင်းပကျေးရွာမှ အသက် (၄၀) အရွယ် အမျိုးသား (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မေလ (၁၇) ရက်နေ့တွင် သုံးအိမ်စုကျေးရွာမှ အသက် (၁၅) နှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ခဲ့သည်။

**“အခုတော့ စစ်တပ်က လက်နက်ကြီးကို နေ့တိုင်းနီးပါးပစ်နေတယ်။ နေ့ရောညပါ ပစ်နေတာ။ ညဘက်ဆို ပိုပစ်တယ်။ ကြောက်တဲ့သူတွေကတော့ ထွက်ပြေးသွားကြပြီ”** ဟု ဒေသခံတစ်ဦးက ပြောသည်။

**“အခုတော့ စစ်တပ်က လက်နက်ကြီးကို နေ့တိုင်းနီးပါး ပစ်နေတယ်။ နေ့ရောညပါ ပစ်နေတာ။ ညဘက်ဆို ပိုပစ် တယ်။ ကြောက်တဲ့သူတွေကတော့ ထွက်ပြေးသွားကြပြီ”**

## မွန်ပြည်နယ်

- IDP 7,200 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 18 ဦးခန့်
- သေဆုံးသူ 11 ဦးခန့်

## ကရင်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

စစ်ကောင်စီက ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်နှင့် ငြိမ်းချမ်းစွာနေထိုင်ခွင့်ကို လွန်လွန်ကျူးကျူးအကြမ်းဖက်လာသဖြင့် မွန်ပြည်နယ်မှ ဒေသခံပြည်သူများသည် ကြောက်လန့်စိုးရိမ်စိတ်များ ကြီးထွားလာသည်။ မေလ ပထမ (၃) ပတ်တာ ကာလအတွင်း မွန်ပြည်နယ် သထုံခရိုင်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သား (၆) ဦး သေဆုံးပြီး (၂၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေလ (၁) ရက်နေ့မှ (၂၂) ရက်နေ့အတွင်း ဘီးလင်းနှင့် သထုံမြို့နယ်များတွင် စစ်ကောင်စီတပ်က လက်နက်ကြီးများကို နေ့ရောညပါ ပစ်ခတ်နေသည်။

ကရင်အမျိုးသားအစည်းအရုံး၏ထုတ်ပြန်ချက်အရ ဘီးလင်းမြို့နယ်မှ ဒေသခံ (၃) နှင့် ကျိုက်ထိုမြို့နယ်မှ ဒေသခံ (၁) ဦးသည် စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။ ဘီးလင်းမြို့နယ်တွင် ခရီးသွားပြည်သူ (၂) ဦးလည်း သေဆုံးခဲ့သည်။

အဆိုပါခရီးသွားပြည်သူ (၂) ဦးသည် ကျိုက်ထီးရိုးဘုရား မိုင်းခွဲခံရပြီးနောက် ရွှေရောင်ပြနှင့် မိုးကောင်းကျေးရွာကြားရှိ လမ်းပိုင်းကို အသုံးပြုနေစဉ်အတွင်း လက်နက်ကြီးထိမှန်ပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

ဘီးလင်းမြို့နယ်မှ (၁၆) ဦး၊ သထုံမြို့နယ်မှ (၅) ဦးနှင့် ကျိုက်ထိုမြို့နယ်မှ (၁) ဦး စုစုပေါင်း (၂၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများတွင် အသက် (၄) နှစ်အရွယ် ကလေးငယ်တစ်ဦးလည်း ပါဝင်သည်။

**"တပ်မဟာ (၁) နယ်မြေမှာ လက်နက်ကြီးပစ်တာ ပိုဆိုးလာတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက လူတော်တော်သေတယ်။ ဗမာစစ်တပ်က စစ်ရာဇဝတ်မှုတွေ ကျူးလွန်နေပြီး လူ့အခွင့်အရေးတွေကို ချိုးဖောက်နေတယ်"** ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ပြောရေးဆိုခွင့်ရှိသူ စောနန္ဒာထူးက ပြောသည်။

သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးလက်အောက်ရှိကရင်လူမျိုးအများစုနေထိုင်သည့်ကျေးရွာများကို စစ်ကောင်စီ က လက်နက်ကြီးဖြင့် နေ့ရောညပါ ပစ်ခတ်တိုက်ခိုက်နေသည်။

**"ရွာထဲမှာဘယ်သူမှမရှိတော့ဘူး။ စစ်တပ်က လက်နက်ကြီးနဲ့ပစ်လို့ ထွက်ပြေးပြီး ပြန်လာတာ လပိုင်းပဲ ရှိသေးတယ်။ ထပ်ပြီး ထွက်ပြေးရပြန်ပြီ။ ရွာသားတော်တော်များများတော့ တောထဲ ဂူထဲမှာ ပုန်းနေရတာပေါ့"** ဟု အဝန်းကြီးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်နေသဖြင့် ဘီးလင်းမြို့နယ်ရှိ ရွှေရောင်ပြ၊ ဒေါက်ရပ်၊ အဝန်းကြီးနှင့် ဇီးဝန်းအပါအဝင် ကျေးရွာ (၉) ရွာမှ ဒေသခံပြည်သူ (၅,၀၀၀) နီးပါး အိုးအိမ်စွန့်ခွာထွက်ပြေးနေရပြီး ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးချေ။

သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ချက်အရ အမှတ် (၃၁၄) အမြောက်တပ်ရင်း၊ အမှတ် (၈) နှင့် အမှတ် (၉) ခြေမြန်တပ်ရင်းတို့က လူနေကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဒေသခံပြည်သူများက ၎င်းတို့၏နေအိမ်များကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖောက်ထွင်းဝင်ရောက်ပြီး "ဘာမှမကျန်သည်အထိ" ပစ္စည်းများကို ယူဆောင်သွားကြောင်း ပြောသည်။

ခမ္မသတ်၊ ကော့ဆွယ်၊ ကော့သပ်၊ တရနာ၊ သံကလောင်၊ ကော့ဘိန်း၊ ကော့ပေါက်နှင့် ကော့ပလိုင်းကျေးရွာရှိ နေအိမ်များမှ ဆိုင်ကယ်များ၊ အိမ်သုံးပစ္စည်းများ၊

ပရိဘောဂများစသည့် အဖိုးတန်ပစ္စည်းများကို ခိုးယူသွားကြသည်။

မီးစက်နှင့် အိမ်သုံးပစ္စည်းများ အခိုးခံလိုက်ရကြောင်း ဒေသခံများက ပြောသည်။ အိမ်တံခါးများကို ဖျက်စီးပြီး မီးသေတ္တာကို သေနတ်ဖြင့် ပစ်ခတ်ဖွင့်ယူသွားသည်။ တစ်ရက်လျှင် ကုန်တင်ကား (၁၀) စီးဖြင့် အသုံးအဆောင် ပစ္စည်းများကို ခိုးယူသယ်ဆောင်သွားကြသည်။

မော်တော်ဆိုင်ကယ်ကို ခိုးယူနိုင်ရန်အတွက် အိမ်တံခါးများကို ရိုက်ချိုးဖျက်စီးခဲ့ကြသည်။ ရှေ့တန်းစစ်မျက်နှာ သဖွယ်ဖြစ်နေသည့် ဓမ္မသတ်နှင့် ရတနာကျေးရွာများရှိ နေအိမ်အားလုံးနီးပါး ဖောက်ထွင်းခံခဲ့ရသည်။ အဆိုပါ ဖောက်ထွင်းခိုးယူမှုများကို ဒေသခံများက မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသော်လည်း အဖြစ်အပျက်များကို ပြန်လည်ပြောပြခြင်း မပြုလုပ်ရန် စစ်တပ်က ၎င်းတို့ကို ခြိမ်းခြောက်ထားသည်။

စစ်ကောင်တပ်ဖွဲ့ဝင်များက ခိုးယူသွားသည့် မော်တော်ဆိုင်ကယ်များနှင့် အသုံးအဆောင်ပစ္စည်းများကို မော်လမြိုင်မြို့ ရခိုင်ကုန်းဈေးနှင့် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာများတွင် ပြန်လည်ရောင်းချနေသည်။

“ကျေးရွာတွေကနေခိုးလာတဲ့ပစ္စည်းတွေကို စစ်သားမယားတွေက ဇာသပြင်မှာ အောက်ဈေးနဲ့ ပြန်ရောင်းနေကြတယ်။ တော်တော်လေး အလုပ်ဖြစ်နေတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ကော့ပလိုင်းကျေးရွာတွင်လည်း ဒေသခံပြည်သူများသည် ထွက်ပြေးတိမ်းရှောင်နေရသဖြင့် မော်တော်ဆိုင်ကယ်များကို ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံသိမ်းဆည်းထားသည်။ အဆိုပါဆိုင်ကယ်များကို စစ်ကောင်စီတပ်သားများက မေလတစ်လျှောက်လုံးတွင် လာရောက်သိမ်းယူသွားသည်။

စစ်ကောင်စီ၏ ကြည်းရေလေတပ် အထိုင်ချရာ မွန်ပြည်နယ် ရေးမြို့နယ် ကုလားဂုတ်ကျွန်းရှိ တပ်စခန်းကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်ခဲ့သည်။ ပြည်သူ (၂) ဦး လက်နက်ကြီးထိမှန်ပြီး (၃) ဦး ဖမ်းဆီးခံခဲ့ရသည်။

မေလ (၂) ရက်နေ့ ည (၉) နာရီခန့်တွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီး မေလ (၃) ရက်နေ့ နံနက်ပိုင်းအထိ တိုက်ပွဲဆက်လက်ပြင်းထန်ခဲ့သည်။ စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုနှင့် စစ်သင်္ဘောက လက်နက်ကြီးပစ်ခတ်မှုများဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သည်။

တိုက်ပွဲသည် လမိုင်းမြို့နယ်ခွဲဝန်းကျင်အထိ ပျံ့နှံ့သွားပြီး မေလ (၃) ရက်နေ့ နံနက်ပိုင်းအထိ တိုက်ပွဲပြင်းထန်ခဲ့သည်။

**“လမိုင်းမြို့အနောက်ဘက် ကုလားဂုတ်ကျွန်းအနီးမှာ အခြေစိုက်တဲ့ ရေတပ်က လက်နက်ကြီးတွေကို အတွဲလိုက်နဲ့ အကြာကြီး ပစ်နေတာ”** ဟု ဒေသခံများက ပြောသည်။

အသက် (၄၀) အရွယ် မျက်မြင်တစ်ဦးကလည်း **“အရပ်သား (၂) ယောက် လက်နက်ကြီးထိသွားတယ်။ ပြီးတော့ စစ်တပ်က (၃) ယောက် ဖမ်းသွားတယ်”** ဟု ပြောသည်။

၎င်းပြင် ကုလားဂုတ်ဆိပ်ကမ်းအနီးတဝိုက်ကိုလည်း စစ်ကောင်စီတပ်က မီးရှို့ခဲ့ကြောင်း သိရသည်။ အသက် (၃၅) နှစ်ရွယ် ဒေသခံအမျိုးသမီးတစ်ဦးက **“တိုက်ပွဲက ဆက်ဖြစ်နေတုန်းပဲ။ ဗမာစစ်သားတွေက ကျွန်မတို့ဆိပ်ကမ်းကို မီးရှို့လိုက်တယ်။ (၃) ယောက် အဖမ်းခံရတယ်။ (၂) ယောက် လက်နက်ကြီးမှန်သွားတယ်”** ဟု ပြောသည်။

တော်လှန်ရေးအင်အားစုများ၏ လျှပ်တပြက်တိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သား ထိခိုက်သေဆုံးမှု ရှိခဲ့ပြီး အရာရှိ (၁) ဦးလည်း သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။

လက်ရှိတွင် စစ်ကောင်စီတပ်က ကျွန်းပတ်ပတ်လည်ကို ဝန်းရံပိတ်ဆို့ထားပြီး ကျွန်းအနီးအနားဖြတ်သန်းသွားလာနေသည့် စက်လှေများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသည်။

ကုလားဂုတ်ကျွန်းအနီးအနားရှိ ဒေသခံပြည်သူများသည် ဘုန်းတော်ကြီးကျောင်းများနှင့် တောတောင်များတွင် စစ်ဘေးရှောင်ခိုလှုံနေရသည်။ စစ်ကောင်စီတပ်က လက်နက်ကြီး၊ လက်နက်ငယ် ပစ်ခတ်မှုများအပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်နေသည့်အတွက် ဒေသခံများမှာ ဘေးလွတ်ရာတိမ်းရှောင်နေရသည်။

ကုလားဂုတ်ကျွန်းပေါ်က ထိခိုက်သေဆုံးမှုများနှင့် အခြေအနေအရပ်ရပ်ကို ဆက်လက်စုံစမ်းနေဆဲ ဖြစ်သည်။

မေလ (၆) ရက်နေ့တွင် မွန်ပြည်နယ် သထုံခရိုင် သိမ်ဇရပ်မြို့နယ်တွင် အမှတ် (၃၁၀) အမြောက်တပ်ရင်းက ၁၂၂ မမ ဟောင်ဝစ်ဇာလက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဇီးပြောင်ကျေးရွာရှိ ရာဘာခြံများ ထိခိုက်ပျက်စီးခဲ့သည်။ မနက် (၄) နာရီတွင် စတင်ပစ်ခတ်ခဲ့ပြီး နံနက်စောစောအချိန်အထိ ဆက်လက်ပစ်ခတ်နေဆဲ ဖြစ်သည်။

“မနက်စောစာမှာပဲ လက်နက်ကြီး (၂) လုံး ကျလာတယ်။ မကြာဘူး၊ နောက် (၄) လုံး ထပ်ကျလာတယ်။ အကုန်လုံးမြောင်းထဲဆင်းပြေးရတယ်။ တချို့ရွာသားတွေကတော့ ဒဏ်ရာရသွားတယ်။ ရာဘာခြံမှာအလုပ်လုပ်နေတဲ့ အမျိုးသားတစ်ယောက်တော့ ရတဲ့ဒဏ်ရာကြောင့်ပဲ ဆုံးသွားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

မနက် (၄) နာရီ (၅၂) မိနစ်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၄၅) နှစ်အရွယ် ဦးသန်းအောင် အလုပ်လုပ်နေသည့် ရာဘာခြံသည် အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့သည်။ ၎င်း၏လက်မောင်း၊ ဝမ်းဗိုက်နှင့် ခြေထောက်များတွင် (၇) နေရာခန့် လက်နက်ကြီးစ ထိမှန်ခဲ့သည်။

သဲဖြူချောင်း၊ ဝပလက်ဘုန်းတော်ကြီးကျောင်းနှင့် ဇီးဖြူသောင်ကျေးရွာအနီးအဝိုက်တွင်လည်း လက်နက်ကြီးပစ်ခတ်ခံ ရမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ခဲ့သည်။ အခြေအနေတင်းမာနေဆဲဖြစ်သဖြင့် ထိခိုက်သေဆုံးမှုများကို အတည်ပြုနိုင်ခြင်း မရှိသေးချေ။

တိုက်ပွဲပြီးသည်နှင့်တစ်ပြိုက်နက် စစ်ကောင်စီတပ်သားများက စစ်ကားများဖြင့် ဝင်ရောက်လာပြီး ကျေးရွာများကို ဝင်ရောက်စီးနင်းခဲ့သည်။ စစ်သင်္ဘောကလည်း လက်နက်ကြီးပစ်ကူများ ပေးခဲ့သည်။

လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကော့ဒွတ်ကျေးရွာအုပ်စု ကူးတို့ဆိပ်ကျေးရွာမှ နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။

**“တိုက်ပွဲအရှိန်လျော့သွားပေမဲ့ စစ်တပ်က ညဘက်တွေမှာတောင် လေယာဉ်နဲ့ ကင်းလှည့်နေတယ်။ ရွာသားတွေကတော့ ကြောက်နေတာပေါ့”** ဟု မွန်ပြည်နယ် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

နှစ်ကရင်၊ ခမင်းဆိပ်၊ သပြေသစ်နှင့် ကျိုက်ဟလိုင်ကျေးရွာများတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ပုန်းခိုနေသည်ဟု စစ်ကောင်စီက ထင်မြင်ယူဆနေပြီး လေယာဉ်ဖြင့် ကင်းလှည့်ထောက်လှမ်းနေခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

၎င်းပြင် မော်ရဝတီရေတပ်စခန်းဌာနချုပ်မှ စစ်သားများကလည်း ကုလားဂုတ်ကျွန်းကို ဝန်းရံပိတ်ဆို့ထားပြီး အောက်ဆိပ်အနီးတဝိုက်တွင် ဖြတ်သန်းသွားလာသည့် စက်လှေများကို လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်နေသည်။

**“သင်္ဘောကြီးပိုင်းတွေကတော့ ဘုန်းကြီးကျောင်းမှာ သွားအိပ်ကြတယ်။ ရွာကို တိုက်ရိုက်မထိပေမဲ့ လက်နက်ကြီးဆင်ထားတာက ကုလားဂုတ်ကျွန်းမှာလေ။ အချိန်မရွေး (လက်နက်ကြီး)ထိနိုင်တယ်”** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

မွန်ပြည်နယ် မော့ကနင်ကျေးရွာမှ အသက် (၅၅) နှစ်အရွယ် လယ်သမားဖြစ်သူ ဦးဆန်းထွန်းသည် အမှတ် (၃၁၇) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

မေလ (၁၁) ရက်နေ့ ညနေ (၅) နာရီခွဲအချိန်တွင် ဦးဆန်းထွန်းသည် ရာဘာခြံမှပြန်လာပြီး အနားယူနေစဉ် လက်နက်ကြီးကျည်ထိမှန်ခဲ့ခြင်း ဖြစ်သည်။ ပုခုံး၊ နောက်ကျောနှင့် လက်များတွင် ဒဏ်ရာပြင်းထန်စွာရရှိ

ခဲ့သည်။ အထူးသဖြင့် နောက်ကျောနှင့် လက်များတွင် နက်ရှိုင်းသည့်ဒဏ်ရာများ ရရှိခဲ့သည်။

၎င်းကို လမိုင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာပြင်းထန်သဖြင့် ခွဲစိတ်မှုပြုလုပ်ရန် မေလ (၁၂) ရက်နေ့တွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ရသည်။

အမှတ် (၃၁၇) အမြောက်တပ်ရင်းက ၎င်းတို့ကျေးရွာကို လက်နက်ကြီးဖြင့် မကြာခဏ ပစ်ခတ်နေသဖြင့် လူထိခိုက်သေဆုံးမှုများ ရှိနေကြောင်း ဒေသခံများက ပြောသည်။

ပြီးခဲ့သည့်မတ်လ (၂၇) ရက်နေ့တွင်လည်း လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အခြားဒေသခံတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်ကောင်စီက တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသဖြင့် ဒေသခံပြည်သူများမှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် ဒေသခံပြည်သူအများစု ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဘုန်းတော်ကြီးကျောင်းများနှင့် တောတောင်များတွင် ခိုလှုံပုန်းအောင်းနေရသည်။ စစ်တပ်က နယ်မြေအတွင်း စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်နေသဖြင့် ဒေသခံပြည်သူများမှာ အနှောင့်အယှက်နှင့် အန္တရာယ်များကို ရင်ဆိုင်နေရသည်။

လေဆိပ်စီမံကိန်းဧရိယာတွင် ပါဝင်နေသည်ဟုဆိုကာ မွန်ပြည်နယ် မုဒုံမြို့နယ် ကျိုက်ရွဲနှင့် ညောင်ကုန်းကျေးရွာများမှ ဒေသခံပြည်သူများကို နေအိမ်မှ ဖယ်ရှားပေးရန် စစ်ကောင်စီက ခြိမ်းခြောက်ဖိအားပေးနေသည်။ မေလ (၂၁) ရက်နေ့မှစ၍ (၂) လအတွင်း ဖယ်ရှားပေးခြင်းမရှိသောနေအိမ်များကို ဘူဒိုဇာဖြင့် ဖျက်စီးပစ်မည်ဟု မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အိမ်ပိုင်ရှင်များကို အကြောင်းကြားထားသည်။

ကျိုက်ရွဲကျေးရွာမှ နေအိမ် (၁၃) လုံးနှင့် ညောင်ကုန်းကျေးရွာမှ နေအိမ် (၃) လုံးသာ လျော်ကြေးလက်ခံ ရရှိထားသော်လည်း စီမံကိန်းဧရိယာအတွင်းရှိ ကျန်နေအိမ်များကလည်း ထွက်ခွာပေးရမည် ဖြစ်သည်။

အိမ်ပိုင်ရှင်များက ပြောင်းရွှေ့ပေးရန် သဘောတူသော်လည်း မိုးရာသီတွင် နေအိမ်အသစ် ဆောက်လုပ်ရန် ခက်ခဲခြင်းနှင့် ပြောင်းရွှေ့ရန် မလွယ်ကူခြင်းတို့ကြောင့် ပြောင်းရမည့်ရက်ကို မိုးရာသီအကုန်အထိ ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သည်။ စုပေါင်းလက်မှတ်ရေးထိုး၍ ထပ်မံစောင့်ဆိုင်းပေးရန် သက်ဆိုင်ရာအာဏာပိုင်များကို တင်ပြထားသည်။

“မိုးကလည်း ကျလာပြီ။ ပေးထားတဲ့မြေနေရာကလည်း အိမ်ချက်ချင်းဆောက်ဖို့ အဆင်သင့်မဖြစ်သေးဘူး။ ခုချိန်မှာ အိမ်ဖျက်ဖို့ ပစ္စည်းတွေသိမ်းဖို့ အိမ်အသစ်ဆောက်ဖို့ ဘယ်လိုမှ အဆင်မပြေဘူး။ မိုးရာသီအကုန်အထိ စောင့်ပေးဖို့ စုပေါင်းလက်မှတ်ထိုးပြီး တောင်းဆိုထားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖယ်ရှားပေးရမည့်နေအိမ်များအတွက် ကျေးရွာအနီးတဝိုက်တွင် ပေ (၄၀x၆၀) မြေကွက်များကို အစားထိုးပေးအပ်ထားသည်။ အိမ်အဆောက်အဦးအတွက်လည်း သတ်မှတ်သည့်လျော်ကြေးငွေများကို စစ်ကောင်စီက ပေးအပ်ထားသည်။ ဒေသခံပြည်သူများကလည်း ပြောင်းရွှေ့ပေးရန် သဘောတူပြီးဖြစ်သည်ဟု သိရသည်။

မုဒုံမြို့နယ်ရှိ ဧက (၄,၆၀၀) ကျော် ကျယ်ဝန်းသောမြေနေရာတွင် နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းနှင့် သင်္ဘောဆိပ်ကမ်း တည်ဆောက်ရန် စစ်ကောင်စီက လျာထားသည်။

စီမံကိန်းကာလသည် အနည်းဆုံး (၅) နှစ်ကျော် ကြာမြင့်မည်ဟု ခန့်မှန်းရသည်။ မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းနှင့် ဝဲကလိကျေးရွာအကြားတွင် သင်္ဘောဆိပ်ကမ်း တည်ဆောက်မည်ဖြစ်ပြီး လေယာဉ်ကွင်းသစ်ကိုမူ ကော့ပရံကျေးရွာ အနီးတွင် တည်ဆောက်မည်ဖြစ်သည်။

စစ်ကောင်စီက စီမံကိန်း အောင်မြင်ပြီးမြောက်ရေးနှင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ အလေးထား အာရုံစိုက်နေသဖြင့် အဆိုပါစီမံကိန်းသည် ဒေသခံပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာမည်မှာ အသေအချာပင် ဖြစ်သည်။

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 11,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 16 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

တနင်္သာရီဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဆိုးရွားလာသည့်အခြေအနေနှင့်ပတ်သက်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အလွန်အမင်းစိုးရိမ်ပူပန်မိသည်။ တိုက်ပွဲများဆက်လက်ပြင်းထန်နေ သည့်အပြင် စစ်ကောင်စီတပ်ကလည်း ပြည်သူများကို ပိုမိုပစ်မှတ်ထားလာသဖြင့် ဒေသခံပြည်သူများမှာ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည်။

စစ်ကောင်စီက ပစ်ခတ်လိုက်သည့်လက်နက်ကြီးကြောင့် သားအမိ (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါအဖြစ်အပျက်သည် ဧပြီလ (၂၉) ရက်နေ့ နံနက် (၆) နာရီအချိန်တွင် ရေခမ်းချောင်းကျေးရွာ၌ ဖြစ်ပွားခဲ့သည်။ အသက် (၃၀) အရွယ် နော်ခီးတုတ်နှင့် အသက် (၁၃) နှစ်အရွယ် သားဖြစ်သူ နော်ဝေဖတို့သည် ကျေးရွာအပြင်တွင် ထင်းကောက်နေစဉ် လက်နက်ကြီးထိမှန်ခဲ့ခြင်း ဖြစ်သည်။

ဇဝဲကျေးရွာအခြေစိုက် အမှတ် (၅၅၆) ခြေမြန်တပ်ရင်းက ပစ်ခတ်လိုက်ခြင်းဖြစ်ပြီး (၂) ဦးစလုံး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ နော်ဝေဖသည် ဦးခေါင်းနှင့် လည်ပင်းနေရာများတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့်အပြင် လက်မောင်းနှင့် ခန္ဓာကိုယ်တွင်လည်း ထိခိုက်ခဲ့သည်။ သားအမိ (၂) ဦးစလုံးကို လူမှုကယ်ဆယ်ရေးအသင်း၏ အကူအညီဖြင့် မြိတ်ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခဲ့သည်။

အဆိုပါတိုက်ခိုက်မှုမတိုင်မီ မတ်လ (၁၄) ရက်နေ့တွင်လည်း စစ်ကောင်စီတပ်က လဲ့တောင်ယာကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လင်မယားစုံတွဲ (၂) တွဲကို ထိခိုက်ဒဏ်ရာရရှိစေခဲ့သည်။

တနင်္သာရီမြို့နယ် သရက်ချောင်းကျေးရွာတွင်လည်း စစ်ကောင်စီလက်အောက်ခံ ပြည်သူ့စစ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် အမျိုးသား (၁) ဦး သေဆုံးခဲ့ပြီး နောက် (၁) ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ဧပြီလ (၂၇) ရက်နေ့ ညနေပိုင်းအချိန်တွင် အသက် (၄၀) အရွယ် ရွာသားတစ်ဦးဖြစ်သူ ဦးဝင်းကျော်ကို ပြည်သူ့စစ်အဖွဲ့ဝင်များက အတင်းအဓမ္မ ဖမ်းဆီး ခေါ်ဆောင်သွားသည်။

၎င်းကို နောက်တစ်နေ့ ည (၈) နာရီတွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ပြင်းထန်စွာ ရိုက်နှက်ခံထားရသဖြင့် သတိမေ့မြောနေသည်။

၎င်းကို ဆေးကုသမှုပေးနိုင်ရန် မိသားစုဝင်များက အကူအညီတောင်းခံခဲ့ပြီး မောင်းမကန်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ သို့သော် ဆေးရုံတက်ခွင့်ကိုမူ မရရှိခဲ့ချေ။ ထို့နောက် ထားဝယ်ဆေးရုံသို့ သွားရောက်ခဲ့ပြန်သည်။ သို့သော် ဆေးရုံသို့ ရောက်ရှိပြီး မကြာမီမှာပင် ဒဏ်ရာပြင်းထန်သဖြင့် အသက်သေဆုံးသွားခဲ့ရသည်။

**"ဦးဝင်းကျော်က ဒဏ်ရာပြင်းထန်ပြီး သတိမေ့နေပြီ။ သူ့ကို ညလယ်လောက်မှာ ဆိုင်ကယ်နဲ့ အလျင်စလိုပို့ခဲ့ရတယ်။ မောင်းမကန်ဆေးရုံက လက်မခံတော့ ထားဝယ်ဆေးရုံကို ထပ်သွားရတယ်။ အဲမှာပဲ ဆုံးသွားတာ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဦးဝင်းကော်ျသည် စိတ်ကျန်းမာရေးမကောင်းသူတစ်ဦးဟု သိရသော်လည်း ဆေးကုသမှုတွင် မည်သည့်ပြဿနာကြောင့် ဆုံးပါးသွားရသည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရချေ။

ယခုကဲ့သို့သော အဖြစ်အပျက်သည် တစ်ကြိမ်တစ်ခါတည်း မဟုတ်ချေ။ ပြီးခဲ့သည့်ရက်ပိုင်း ဧပြီလ (၂၂) ရက်နေ့တွင်လည်း အခြားရွာသားတစ်ဦးဖြစ်သူ ဦးထွန်းနိုင်သည် အဆိုပါပြည်သူ့စစ်အဖွဲ့၏ အလားတူညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်။ ရရှိခဲ့သောဒဏ်ရာများကြောင့် ဧပြီလ (၂၉) ရက်နေ့အထိ ဆေးကုသမှုခံယူနေရဆဲ ဖြစ်သည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း သရက်ချောင်းတွင် ဌာနေပြည်သူ့စစ်အဖွဲ့များ၏ လှုပ်ရှားမှုများ ပိုမိုများပြားလာသည်။ လက်ရှိအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးနောင်ကြီးနှင့် မောင်းမကန်တပ်ရင်းက ၎င်းတို့ကို လက်နက်တပ်ဆင် ထောက်ပံ့ပေးထားသည်။

စစ်ကောင်စီက ရေဖြူမြို့နယ် ကံပေါက်ဒေသနှင့် နဘုလယ်ဒေသကို ဆက်သွယ်ထားသည့် ကားလမ်းကို ဘူဒိုဇာဖြင့် ဖျက်စီးလိုက်သဖြင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေး အခက်အခဲ ဖြစ်လာသည်။ ဧပြီလ (၂၉) ရက်နေ့တွင် ဖျက်စီးခဲ့ခြင်းဖြစ်ပြီး ဇာဒီ - ခေါင်ပုံလမ်းတစ်လျှောက် အနည်းဆုံး (၂) နေရာတွင် သွားလာ၍ မရတော့ချေ။ ကံပေါက်နှင့် နဘုလယ်ဒေသကို ဆက်သွယ်ထားသည့်လမ်း ဖြစ်သဖြင့် အဆိုပါလမ်းသည် ဒေသခံများအတွက် အရေးပါသည့် လမ်း ဖြစ်သည်။ လမ်းပျက်စီးသွားသဖြင့် စားနပ်ရိက္ခာနှင့် အခြားကုန်ပစ္စည်းများကို ပို့ဆောင်သယ်ယူ၍ မရတော့ချေ။ ဇာဒီကျေးရွာမှ ဒေသခံတစ်ဦးက **"စစ်တပ်က လမ်းပေါ်မှာ တွင်းကြီးတစ်တွင်းတူးလိုက်တော့ ကားရော မော်တော်ဆိုင်ကယ်ပါ ဖြတ်လို့ မရတော့ဘူး။ လမ်းကို ပြန်မပြင်နိုင်အောင်လည်း စစ်တပ်က ရွာသားတွေကို ခြိမ်းခြောက်ထားတယ်။ ကံပေါက်နဲ့ ထားဝယ်ဒေသက လူတွေအတွက် ကုန်ကူးလို့ မရတော့ဘူး။ ပြီးတော့ လုယက်မှုတွေလည်း အချိန်မရွေးဖြစ်လာနိုင်တယ်ဆိုပြီး ပိုင်ဆိုင်မှုတွေ ရွှေ့ပြောင်းရတာမျိုးလည်း ဖြစ်လာတယ်"** ဟု ပြောသည်။

အခြားဒေသခံတစ်ဦးကလည်း **"ကျွန်တော်တို့ ခရီးသွားလို့လည်း မရသလို အလုပ်လုပ်လို့လည်း မရတော့ဘူး။ စီးပွားရေးလုပ်ငန်းတွေ အကုန်ဒုက္ခရောက်ကုန်တာပေါ့။ တချို့ဆို တိုက်ပွဲဖြစ်လာမှာကြောက်လို့ ရှိတာလေးတွေ သယ်ပြီး ထွက်ပြေးသွားကြပြီ"** ဟု ပြောသည်။

တော်လှန်ရေးအင်အားစုများက အဆိုပါလမ်းပိုင်းကို အသုံးပြုပြီး မောရဝတီရေတပ်စခန်း ဌာနချုပ်နှင့် အမှတ် (၂၇၃) ခြေမြန်တပ်ရင်းကို တိုက်ခိုက်ခြင်းမပြုနိုင်ရန် စစ်ကောင်စီက ရည်ရွယ်ချက်ရှိရှိ ဖျက်စီးလိုက်ခြင်းဖြစ်ကြောင်း စစ်တပ်၏အတွင်းလူများက ပြောသည်။ ရေဖြူ မြို့နယ်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး စစ်ကောင်စီတပ်က ပျူစောထီးစခန်းများကို တိုးချဲ့ခြင်း၊ ၎င်းတို့တပ်စခန်းကို ရောက်ရှိနိုင်သည့် လူသွားလမ်းနှင့် တောလမ်းများကို ဖျက်စီး ပိတ်ပင်ခြင်းများ ပြုလုပ်လာသည်။

တိုက်ပွဲများဆက်လက်ပြင်းထန်နေသဖြင့် တနင်္သာရီမြို့နယ်ရှိ စစ်ဘေးရှောင် (၆,၀၀၀) ကျော်သည် အရေးပေါ်အကူအညီများ လိုအပ်နေသည်။ သိန္ဒော၊ ရာဖူးနှင့် အခြား ကျေးရွာများမှ ဒေသခံပြည်သူများသည် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ (၂၃) ရက်နေ့မှစ၍ ထွက်ပြေးတိမ်းရှောင် နေရသည်။

စစ်ဘေးရှောင်များကို ကူညီပေးနေသည့်အဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးက **“ကျွန်တော်တို့မှာ အခက်အခဲအများကြီး ဖြစ်နေတယ်။ အလှူရှင်တွေက လျော့သွား ပြီး အစားအစာနှင့် ဆေးဝါးလိုအပ်ချက်က တစ်နေ့တစ်ခြား များများလာတယ်”** ဟု ပြောသည်။

အထက်ပါအခက်အခဲများအပြင် စားနပ်ရိက္ခာနှင့် ဆေးဝါး သယ်ယူပို့ဆောင်ခြင်းများ ကိုလည်း စစ်ကောင်စီက တားမြစ်ထားရာ အခြေအနေသည် ခက်ခဲသည်ထက်ခက်ခဲ လျက်ရှိသည်။

ဧပြီလ (၂၂) ရက်နေ့မှစ၍ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုများအပြင် အခြေခံအဆောက်အဦးနှင့် နေအိမ်ပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ပေါ်နေသည်။

ပျက်စီးမှုအခြေအနေအတိအကျကို ယနေ့အထိ မသိရှိနိုင်သေးချေ။ ပဋိပက္ခဒဏ်ခံစား နေရသူများအတွက် အရောင်ကျဆေး၊ သွေးတိုးဆေးစသည့် အရေးကြီးဆေးဝါးများ အရေးတကြီးလိုအပ်နေသည်။

တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပဲဒက်စခန်း အသိမ်းပိုက်ခံရပြီး (၄) ရက်အကြာ မေလ (၈) ရက်နေ့တွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးလာပြီး လေကြောင်းမှ ဗုံးကျဲမှုများကိုပါ ပြုလုပ်လာသည်။

ညနေ (၅) နာရီခန့်တွင် တိုက်ခိုက်မှု စတင်ခဲ့ပြီး ကနက်သီရိကျေးရွာအနီးတဝိုက်ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ စစ်လေယာဉ်များက ကျေးရွာစာသင်ကျောင်း အနီးကို စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ထိခိုက်သေဆုံးမှု ကြီးမားခဲ့သည်။

စာသင်ကျောင်းနံဘေးက ဘောလုံးကွင်းကို ပေါင် (၅၀၀) ဗုံးသီး ကြဲချခဲ့သဖြင့် ဆယ်ကျော်သက်ကလေး (၂) ဦးဖြစ်သူ အသက် (၁၆) နှစ်အရွယ် မောင်ပိုင်စိုးသူနှင့် မောင်ဟိန်းပြည့်ဖြိုးတို့ ဘောလုံးကစားနေစဉ် ပွဲချင်းပြီးသေဆုံးခဲ့သည်။ အခြားကလေးငယ် (၆) ဦးလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

စစ်ကောင်စီက ကနက်သီရိကျေးရွာတစ်ခုတည်းကို တိုက်ခိုက်ခဲ့သည် မဟုတ်ချေ။ ကျေးရွာအနီးရှိ ရင်ဲတိုက်နယ်ဆေးရုံကိုလည်း ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ဗုံးကြဲမှုကြောင့် ဆေးရုံအဆောက်အဦးများ ပျက်စီးခဲ့ရသည်။ ဆေးကုသမှု မပေးနိုင်ရန် ဆေးရုံကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရင်ဲဒေသခံတစ်ဦးက ပြောသည်။

**“ဗုံးကြဲခံရလို့ ရင်ဲဆေးရုံတစ်ခုလုံး ပျက်စီးသွားတယ်။ လူတွေကို ဆေးကုပေးလို့မရအောင် တမင်သက်သက်ဗုံးကြဲခဲ့တာ။ အနီးအနားကျေးရွာက သူတွေလည်း ပြောင်းဖို့ ပြင်နေကြပြီ”** ဟု ပြောသည်။

တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးပျက်စီးမှု များပြားခဲ့ပြီး ကနက်သီရိ၊ ရင်ဲ၊ ကျွဲမင်းကုန်း၊ ကျောက်ခမောက်နှင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

တိုက်ခိုက်မှုကြောင့် လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်း ဖြစ်ပေါ်ခဲ့ပြီး စစ်ကောင်စီက ပြည်သူများနှင့် အရေးပါသည့်အခြေခံအဆောက်အဦးများကို ယုတ်မာသည့် နည်းဗျူဟာဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်နေသည်ကို မြင်သာစေသည်။

ကျုံအိတ်တံတား မိုင်းခွဲဖျက်စီးခံရပြီးနောက်ပိုင်း မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးရွာများမှ ဒေသခံပြည်သူ (၅,၀၀၀) နီးပါးသည် စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်။

မေလ (၁၁) ရက်နေ့တွင် ရန်ကုန် - မော်လမြိုင်ကားလမ်းမပေါ်ရှိ ကျုံအိတ်တံတား မိုင်းခွဲဖျက်စီးခံရပြီးနောက်ပိုင်း ဘီးလင်းမြို့နယ်ရှိ လူနေကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်နေသည်။ တိုက်ခိုက်မှုကြောင့် အဝန်းကြီး၊ ဇီးကုန်း၊ ရွှေရောင်ပြ၊ ပန်းအောင်ကုန်း၊ ခလောက်အင်း၊ မရမ်းကုန်း၊ မိကျောင်းအိုင်နှင့် ဒေါင်းကျေးရွာစသည့် ကျေးရွာ (၈) ရွာမှ ဒေသခံပြည်သူများ ဘေးလွတ်ရာ ရှောင်တိမ်းခဲ့ရသည်။ လူဦးရေစုစုပေါင်း (၄,၅၇၈) ဦး ထွက်ပြေးနေရသည်။

**“စစ်တပ်က လက်နက်ကြီးနဲ့ ညတိုင်းပစ်နေတာ။ တိုက်ပွဲဖြစ်တာလည်း မရှိဘူး။ ရမ်းသမ်းပစ်နေတာ။ လက်နက်ကြီးတွေက ရွာထဲကို ကျတော့ ရွာသားတွေလည်း ထွက်ပြေးရတာပေါ့”** ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ ဗဒိုစောအေးနိုင်က ပြောသည်။

လက်နက်ကြီးတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများသည် ဘီးလင်းမြို့အပါအဝင် ဘေးလွတ်ရာ,နေရာများသို့ ထွက်ပြေးခဲ့ရပြီး အစားအသောက်၊ ဆေးဝါး၊ အဝတ်အထည်နှင့် ခိုလှုံစရာများ အရေးပေါ်လိုအပ်လျက်ရှိသည်။

**“လူတိုင်းက ချက်ချင်းထွက်ပြေးခဲ့ရတယ်။ ဘာမှ မယူနိုင်ဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်ပြေးလာရတာ။ အစားအသောက်က ဆိုးဆိုးဝါးဝါးလိုအပ်နေတယ်”** ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

မေလ (၁၁) မှ (၁၃) ရက်နေ့အတွင်း စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေါင်းရပ်ကျေးရွာမှ အသက် (၈၂) အရွယ် ဒေါ်ခင်မေနှင့် ဦးဇော်မင်းထွန်းနှင့် အဝန်းကြီးကျေးရွာမှ ဒေါ်မြသိန်းတို့ သေဆုံးခဲ့သည်။ အခြား ဒေသခံ (၁၅) ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ချက်အရ ဘီးလင်းအခြေစိုက် အမှတ် (၃၁၄) အမြောက်တပ်ရင်း၊ အမှတ် (၈) နှင့် အမှတ် (၉) ခြေမြန်တပ်ရင်းတို့က ပစ်ခတ်တိုက်ခိုက်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

စစ်ကောင်စီကထိန်းချုပ်ထားသည့်နယ်မြေတွင် ကလေးသူငယ်များသည် ငြိမ်းချမ်းစွာနေထိုင်နိုင်ခြင်း မရှိသည့်အပြင် အကြမ်းဖက်မှုမှလည်း မလွတ်ကင်းနိုင်ချေ။ ရေဖြူအခြေစိုက် မောရဝတီရေတပ်စခန်းက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဇာဒီကျေးရွာမှ မောင်နှမ (၂) ဦး သေဆုံးခဲ့ရသည်။ ဒေသခံများ၏ပြောပြချက်အရ မောင်နှမ (၂) ဦးသည် ၎င်းတို့၏နေအိမ်တွင် ရှိနေစဉ် မောရဝတီရေတပ်က ပစ်ခတ်လိုက်သည့် လက်နက်ကြီးထိမှန်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မေလ (၁၅) ရက်နေ့ နံနက် (၁၁) နာရီတွင် ဇာဒီကျေးရွာ သစ်လှတောရပ်ကွက်ကို မောရဝတီရေတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပြန်သည်။ လက်နက်ကြီးကျည်တစ်ခုသည် နေအိမ်တစ်လုံးပေါ်သို့ တိုက်ရိုက်ထိမှန်ခဲ့ပြီး ဆယ်ကျော်သက်အရွယ် မောင်နှမ (၂) ဦး သေဆုံးခဲ့ရသည့်အပြင် နေအိမ်မှာလည်း မီးလောင်ပျက်စီးခဲ့သည်။

ဇာဒီကျေးရွာမှ ဒေသခံတစ်ဦးက **“ရေတပ်က လက်နက်ကြီး (၃) လုံး ပစ်ခဲ့တယ်။ တစ်လုံးက အိမ်ပေါ်ကို တိုက်ရိုက်ကျတော့ မောင်နှမ (၂) ယောက်စလုံး သေသွားတယ်။ ခေါင်းတွေ ထိပြီး ခန္ဓာကိုယ်ကလည်း လုံးဝစုတ်ပြတ်သွားတယ်”** ဟု ပြောသည်။

သေဆုံးသူများမှာ အသက် (၁၆) နှစ်အရွယ် မောင်ဇော်မျိုးအောင်နှင့် အသက် (၁၁) နှစ်အရွယ် မပွင့်ပွင့်တို့ဖြစ်သည်။ လက်နက်ကြီးဖြင့် ဆက်လက်ပစ်ခတ်နေသဖြင့် ဇာဒီဒေသခံများလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ မေလ (၈) ရက်နေ့ညတွင် ကလိန်အောင်အခြေစိုက် အမှတ် (၄၀၁) ခြေမြန်တပ်ရင်းက ကလိန်အောင်မြို့ အမှတ် (၃) ရပ်ကွက်ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ သက်ကြီးပိုင်းအမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရပြီး ဆေးကုသမှု ခံယူခဲ့ရသည်။

မေလ (၁၃) ရက်နေ့တွင် ဇာဒီကျေးရွာတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ခိုအောင်းနေသည်ဟုဆိုကာ မောရဝတီရေတပ်စခန်းက ကား (၂) စီးဖြင့် ဖောင်တော ကျေးရွာသို့ ဝင်ရောက်လာသည်။ အဆိုပါကား (၂) စီးသည် မော်ကြီးကျေးရွာတွင် ချုံခို တိုက်ခိုက်ခံရသည်။ မေလ (၇) ရက်နေ့မှစ၍ ကလိန်အောင်မြို့နှင့် ကံပေါက်ဒေသကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းတိုက်ခိုက်နေသည်။

ထားဝယ်ခရိုင် သရက်ချောင်းဈေးအဝင်ဝတွင် လင်မယား (၂) ဦးကို စစ်ကောင်စီ တပ်သားများက ဖမ်းဆီးခဲ့သည်။ ဦးလှစိန်နှင့် ဇနီးဖြစ်သူတို့သည် ၎င်းတို့၏ကျေးရွာ ဖြစ်သည့် ကနက်သီရိတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာသည့်အတွက် ကျောက် မြောင်းကျေးရွာသို့ မကြာသေးမီအချိန်ကမှ ပြောင်းရွှေ့လာသူများ ဖြစ်သည်။ မေလ (၁၆) ရက်နေ့ ဈေးဝယ်နေစဉ်အချိန်တွင် စစ်သား (၅) ဦးက ၎င်းတို့ကို ဝိုင်းဖမ်းပြီး အချုပ်ခန်းသို့ ပို့ဆောင်ခဲ့သည်။

၎င်းတို့၏မျက်နှာများကို အနက်ရောင်အိတ်များဖြင့်အုပ်ကာ စစ်ဆေးမေးမြန်းရန် အတွက် ဖမ်းဆီးခေါ်ဆောင် သွားကြောင်း မျက်မြင်များက ပြောသည်။ ၎င်းတို့ကို သရက်ချောင်းရဲစခန်းသို့ ကားဖြင့်ခေါ်ဆောင်သွားပြီးနောက်ပိုင်း မည်သည့်နေရာတွင် ရှိနေသည်ကို မသိရှိရတော့ချေ။

လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးနေရသည့် သရက်ချောင်းမြို့နယ်တွင် အဆိုပါဖမ်းဆီးမှုကြောင့် ထပ်မံ၍ အုတ်အောသောင်းနင်းဖြစ်လာသည်။ မေလ (၈) (၁၀) နှင့် (၁၆) ရက်နေ့များတွင် ကနက်သီရိကျေးရွာကို စစ်ကောင်စီက ဗုံးကြဲခဲ့ ရာ ဒေသခံ (၅) ဦး သေဆုံးခဲ့သည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ စစ်ကောင်စီတပ်ရင်းနှင့် ပင်လယ်ပြင်တွင် ကျောက်ချထားသည့် စစ်သင်္ဘောက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရပြီး ဒေသခံပြည် သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

စစ်ကောင်စီက ပြည်သူတို့၏ အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေခြင်းကြောင့် ဒေသခံပြည် သူများမှာ လုံခြုံမှု မရှိတော့ချေ။ စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ထားဝယ်ခရိုင်တွင် မေလ (၂၀) ရက်နေ့အထိ နေအိမ်အလုံး (၂၀) နီးပါး ထိခိုက်ပျက်စီးခဲ့သည်။

မေလ (၇) ရက်နေ့တွင် ထားဝယ်မြို့နယ် တောင်သုံးလုံးကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ နေအိမ် (၇) လုံး ပျက်စီးပြီး ရာဘာခြံအမြောက်အမြား ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

အဆိုပါနေ့ရက်တွင် ကျောက်မိချောင်းကျေးရွာ၌ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစု များအကြား တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ပြောသည်။ ၎င်း ပြင် မေလ (၉) ရက်နေ့တွင်လည်း စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာတွင် နေအိမ် (၁) လုံး ပျက်စီးပြီး နွား (၁) ကောင် သေဆုံးခဲ့သည်။

၎င်းပြင် မေလ (၁၀) ရက်နေ့တွင်လည်း သရက်ချောင်းမြို့အဝင်ရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ် လက်နက်ကြီးဖြင့် တိုက်ခိုက်ခံရပြီး အနီးအနားရှိနေအိမ် (၃) လုံးထက်မနည်း ထိခိုက်ပျက်စီးခဲ့သည်ဟု ဒေသခံများက ပြောသည်။ မေလ (၁၆) ရက်နေ့တွင် စစ်ကောင်စီ၏ ကြည်းရေလေ ပူးပေါင်းတိုက်ခိုက်မှုကြောင့် သရက်ချောင်းမြို့နယ် ပဲဒက်၊ ကနက်သီရိ၊ ဂုံညင်းဆိပ်နှင့် ရင်ကျေးရွာများမှ လူနေအိမ်၊ ဆေးရုံနှင့် စာသင်ကျောင်းများအပါအဝင် အဆောက်အဦး (၆) လုံးထက်မနည်း ထိခိုက်ပျက်စီးခဲ့သည်။

ကနက်သီရိကျေးရွာတွင် မေလ (၁၄) ရက်နေ့မှစ၍ တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေပြီး စစ်ကောင်စီက မေလ (၁၄) (၁၅) နှင့် (၁၆) ရက်နေ့များတွင် ကြည်းရေလေတပ်များကို အသုံးပြုတိုက်ခိုက်ခဲ့သည်။ စစ်သားအင်အား (၁၀၀) ကျော်ကို တင်ဆောင်လာသည့် စစ်သင်္ဘော (၃) စင်းက ကျေးရွာဆိပ်ကမ်းကို ဆိုက်ကပ်လာပြီးနောက် စစ်ကောင်စီနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၄ ဧပြီလတွင် ထားဝယ်ခရိုင် မြို့နယ် (၃) ခုမှ နေအိမ် (၇) လုံးကို စစ်ကောင်စီက မီးရှို့ဖျက်စီးခဲ့သည်။

မြေပြင်တွင် တိုက်ပွဲများပိုမိုပြင်းထန်လာသည်နှင့်အမျှ တိုးပွားလာသည့်လူနာဦးရေကို လုံလောက်စွာဆေးကုသမှု ပေးနိုင်ရန် မလွယ်ကူတော့ချေ။

တနင်္သာရီတိုင်းတွင် စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များက ဆေးဝါးသယ်ဆောင်ခြင်းကို ကန့်သတ်ပိတ်ပင်ထားသဖြင့် ပဋိပက္ခဒေသတွင် ငှက်ဖျားရောဂါကုသဆေးများ ပြတ်လပ်လာကြောင်း စစ်ရှောင်အရေးကူညီပေးနေသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

စစ်ရှောင်စခန်းများတွင်လည်း စစ်ဘေးရှောင်ဦးရေ မြင့်တက်လာသည်။ အထူးသဖြင့် ဧပြီလနှင့် မေလများတွင် စစ်ရှောင်ဦးရေ သိသိသာသာ များပြားလာသည်။ ငှက်ဖျားရောဂါ ဖြစ်ပွားသူများလည်း များပြားလာသည်။ ငှက်ဖျားရောဂါစစ်ဆေးရေးကိရိယာများနှင့် ဆေးဝါးများ ပြတ်လပ်လာသည့်အပြင် ကျန်းမာရေးဝန်ထမ်းများလည်း လုံလောက်မှု မရှိကြောင်း အမျိုးသမီးကျန်းမာရေးစောင့်ရှောက်သူတစ်ဦးက ပြောသည်။

**“တနင်္သာရီမှာ ငှက်ဖျားရောဂါတွေ အဖြစ်များလာတယ်။ ဒီလအတွင်းမှာ စစ်ရှောင်စခန်းမှာ ရောဂါဖြစ်သူတွေ သိသိသာသာ များလာတယ်။ ဆေးဝါးသယ်ယူခွင့်ကန့်သတ်ခံရတဲ့ ဒေသတွေမှာ ငှက်ဖျားစစ်ကိရိယာနှင့် ဆေးဝါးတွေ ဆိုးဆိုးရွားရွားပြတ်လပ်နေတယ်။ မနှစ်ကကျန်နေတဲ့ဆေးဝါးတွေလောက်နဲ့ မလုံလောက်တော့ဘူး။ စစ်ရှောင်တွေက အိမ်မပြန်နိုင်သေးဘူး။ ငှက်ဖျားကုဆေးအဖွဲ့ကလည်း စစ်ရှောင်စခန်းတွေကို မသွားနိုင်ဘူး”** ဟု ၎င်းက ရှင်းပြသည်။

စစ်ရှောင်စခန်းများတွင် ဆေးဝါးမလုံလောက်သည့်အပြင် ကျေးရွာများတွင် ဆေးကုသခံယူသူများနှင့် ဆေးဝါးဝယ်ယူသူများကို စစ်ကောင်စီက ဖမ်းဆီးစစ်ဆေးနေသည်။ စစ်ရှောင်စခန်းနှင့် ကျေးရွာများတွင် ဆေးဝါးများပြတ်လပ်လာခြင်းကြောင့် အရေးပေါ်လူနာများအတွက် အလွန်အမင်းအသက်အန္တရာယ်ရှိလာမည်ကို ကျန်းမာရေးစေတနာ့ဝန်ထမ်းများက စိုးရိမ်ပူပန်နေသည်။

မိကျောင်းလှောင်ကျေးရွာအနီးတွင် စစ်ကောင်စီတပ်က စခန်းချတပ်စွဲထားသဖြင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူများသည် ၎င်းတို့၏ဥယျာဉ်ခြံများသို့ မသွားရောက်ရဲတော့ချေ။ အနီးအနားကျေးရွာရှိ ဒေသခံပြည်သူများကို စိုက်ပျိုးရေးလုပ်ငန်းများ မလုပ်ကိုင်ရန် စစ်တပ်က ဖိအားပေးခြိမ်းခြောက်ထားကြောင်း ဒေသခံများက ပြောသည်။

ယခင်က ခြံရှင်းရန်၊ ရာဘာနှင့် ကွမ်းသီးပင်များ စိုက်ပျိုးရန်နှင့် သစ်သီးဝလံများ ခူးဆွတ်ရန် ဒေသခံပြည်သူများက ခြံသို့ နေ့တိုင်းသွားလာနေသော်လည်း စစ်တပ်က လာရောက်တပ်စွဲပြီးနောက်ပိုင်း ဥယျာဉ်ခြံသို့ သွားရောက်ရန် ကြောက်ရွံ့နေကြသည်။

**“ကျွန်တော်တို့က ခြံလုပ်မှ စားရသောက်ရတာလေ။ ခုတော့ ခြံလည်း မသွားရဲဘူး။ စားရေးသောက်ရေး အခက်အခဲဖြစ်နေတာပေါ့”** ဟု မိကျောင်းလှောင်မှ ရာဘာခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုအချိန်သည် သံပုရာသီးများ ခူးဆွတ်ချိန်လည်း ဖြစ်နေသည်။ အချိန်မီမခူးဆွတ်နိုင်ပါက သံပုရာသီးများ ပုပ်သိုးသွားမည့်အပြင် ဈေးကောင်းလည်း ရတော့မည် မဟုတ်ချေ။

မေလ (၂၃) ရက်နေ့တွင် ကလိန်အောင်တံတားရှိ စစ်ကောင်စီ စစ်ဆေးရေးဂိတ် တိုက်ခိုက်ခံရပြီးနောက်ပိုင်း အင်အား (၆၀) ခန့်ရှိသည့် စစ်ကောင်စီစစ်ကြောင်းက ကလိန်အောင်မြို့ မိကျောင်းလှောင်ကျေးရွာအနီးရှိ ရာဘာခြံများတွင် စခန်းချနေသည်။ တိုက်ခိုက်မှုနောက်ပိုင်း စစ်ကောင်စီတပ်သားများက လူနေအိမ်များတွင် (၃) ရက်တာမျှ ဝင်ရောက်နေထိုင်ခဲ့သည်။

စစ်ကောင်စီတပ်သားများ တပ်စွဲထားသည့်ကျေးရွာများနှင့် အနီးအနားကျေးရွာများမှ လယ်သမား ခြံသမားများသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ရပ်တန့်ထားရသည်။ ကံပေါက်၊ အုန်းပင်ကွင်း၊ မင်းသား၊ ဆင်ကူးနှင့် ဇာဒီကျေးရွာများမှ ဒေသခံများသည် စစ်ကောင်စီတပ်၏ လက်နက်ကြီးရန်ကို ကြောက်ရွံ့နေသဖြင့် ဥယျာဉ်ခြံများသို့ သွားလာရန် စိုးရိမ်ထိတ်လန့်နေကြသည်။

မိုးဦးကျရာသီတွင် ဥယျာဉ်ခြံများကို ရှင်းလင်းနိုင်ခြင်း မရှိပါက ခြုံနွယ်ပိတ်ပေါင်းများ ထူထပ်လာပြီး အပင်ငယ်များ သေဆုံးနိုင်သည့်အပြင် အပင်သစ် ပြန်လည်စိုက်ပျိုးရန်လည်း မလွယ်ကူတော့ချေ။ ရာသီသီးနှံများကို အချိန်မီဆွတ်ခူးရောင်းချနိုင်ခြင်း မရှိပါက ဝင်ငွေထိခိုက်လာမည်ဖြစ်ကြောင်း ခြံရှင်များက ပြောသည်။

မေလ (၇) ရက်နေ့မှစ၍ ကလိန်အောင်မြို့အနီးတဝိုက်တွင် တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသည်။ လက်နက်ကြီးကြောင့် လူထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့သည့်အပြင် နေအိမ်များ၊ ဥယျာဉ်ခြံများနှင့် သုံးဘီးဆိုင်ကယ်များ ပျက်စီးခဲ့ရသည်။ ကလိန်အောင်မြို့ ရပ်ကွက် (၄) ရပ်ကွက်နှင့် မိကျောင်းလျောင်နှင့် ကျောက်ရုပ်ကျေးရွာများမှ ဒေသခံပြည်သူများက တိုက်ပွဲများနှင့် စစ်ကောင်စီ၏ ဝင်ရောက်စီးနင်းမှုများကြောင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းနေရသည်။

၎င်းပြင် မေလ (၁၉) ရက်နေ့တွင် ကံပေါက်ဒေသ ရေး - ထားဝယ်ကားလမ်းပေါ်ရှိ ဇောတိက - ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ကလိန်အောင်မြို့၊ မိကျောင်းလျောင်ကျေးရွာနှင့် ကျောက်မေတ္တာဘုရားကုန်းအနီးရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ Double Cap ကား (၄) စီးကို လက်နက်ကိုင်ဆောင်သူများက သိမ်းယူသွားခဲ့သည်။ အဆိုပါနေရာတွင် အမှတ် (၂၈၂) ခြေမြန်တပ်ရင်းကလည်း ပိုက်လိုင်းလုံခြုံရေးအတွက် စခန်းချတပ်စွဲထားသည်။

ဧပြီလနှောင်းပိုင်းတွင်လည်း နတ်အိမ်ထောင်ရှိ ဇောတိက သဘာဝဓာတ်ငွေ့တိုင်းတာရေးစခန်း၏ ပိုက်လိုင်းလုံခြုံရေးနှင့် အစားအသောက်သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေသည့် ကား (၃) စီးကို လက်နက်ကိုင်အဖွဲ့တစ်ခုက သိမ်းယူခဲ့သည်။ သိမ်းယူသွားသည့်ကားများကို ရက်ပိုင်းအတွင်း ပြန်လည်ပေးအပ် ခဲ့ကြောင်း စီမံကိန်းဝန်ထမ်းများက ပြောသည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက အပြည့်ပြည့်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ် စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှု တားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည် သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများ တွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမို အားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန် လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူ တာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့ မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ် ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ် ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများ ကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံး ခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ် ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိ ခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မေလ ၂၀၂၄

HURFOM

Human Right Foundation of Monland | May 2024